ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ စနေနေ့၊ (27-10-2007) (၅၄၈၃)

သီတင်းကျွတ်လပြည့်နေ့ညက ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးလာ ကုသိုလ်ယူသူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် (၁၇)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီကွန်ဂရက်မှ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ပြန်လည်ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ကျရောက်သော တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂါဘမ်ဂူလီ၊ဘာဒီမူဟာမီဒေါ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ကျရောက်သော တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂါဘမ်ဂူလီ၊ ဘာဒီမူဟာမီဒေါ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ဘုရား၊ ကျောင်း ကန်များ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

ရန်ကုန် အောက်တိုဘာ ၂၆

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ခြောက်ဝါအလွန် ခုနစ်ဝါအရောက် သက်တော်(၄၂)နှစ်အရွယ်တွင် တုသိတာနတ်ပြည်၌ နတ်သားဖြစ်တော်မူသော လူ့ဘဝက မယ်တော် တော်စပ်ခဲ့သည့် မယ်တော်မိနတ်သားအား ကျေးဇူးဆပ်လိုသည့်ရည်ရွယ်ချက်ဖြင့် တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ သတ္တမဝါကပ်တော်မူပြီး မယ်တော်မိနတ်သား အမှူးပြုသော နတ်ဗြဟ္မာပရိသတ်တို့အား အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလ(ရက်ပေါင်း ၉၀)ပတ်လုံး ဟောကြားတော်မူခဲ့သည်။

တရားတော် ဟောကြားပြီးဆုံးသည့် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ဆင်းသက်တော်မူရာ နတ်တို့က

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

ယနေ့မိုးလေဝသ

၂၇–၁၀–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၇-၁၀-၂၀၀၇
(စနေနေ့)

ကမ္ဘာလုံးဆိုင်ရာပြဿနာများ ကျော်လွှားနိုင်ရေး အဖွဲ့ဝင်နိုင်ငံများအားလုံး ကြိုးပမ်းဆောင်ရွက်

မျက်မှောက်ကာလတွင် ကမ္ဘာ့ကွန်ရက် ယှက်နွယ်မှုများဖြင့် နိုင်ငံများ ဆက်စပ်လျက်ရှိရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်း ထူထောင်လာခဲ့ရာ ယခုအခါ (၆၂)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ သက်တမ်းကာလတစ်လျှောက်တွင် အဖွဲ့ဝင်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲကြိုးပမ်းခဲ့ရာ လတ်တလောကိစ္စများ၌ တစ်ဆင့်ချင်း အောင်မြင်မှုရရှိခဲ့သည်။ ပဋိပက္ခကာကွယ်ရေး၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ လက်နက်ဖျက်သိမ်းရေးနှင့် လက်နက်မပြန့်ပွားရေးတို့အတွက် ဆက်လက်ကြိုးပမ်း အားထုတ်ကြရဦးမည်ဖြစ်သည်။

အထူးသဖြင့် ၂၀၀၀ ပြည့်နှစ် ထိပ်သီးညီလာခံက ချမှတ်ခဲ့သော ကုလသမဂ္ဂထောင်စုနှစ် ကြေညာစာတမ်းပါ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှု၊ ကမ္ဘာတစ်ဝန်း အခြေခံပညာရေး သင်ယူရရှိမှု၊ အမျိုးသား အမျိုးသမီး တန်းတူညီတူရှိမှုနှင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးမှုတို့အတွက် ဖော်ဆောင်ကြရမည်ဖြစ်သည်။

ထို့အပြင် မွေးကင်းစကလေးများ သေဆုံးမှု လျော့ပါးစေရေး၊ မိခင်များ ကျန်းမာရေး တိုးတက်ကောင်းမွန်စေရေး၊ HIV/AIDS၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများ တိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အဖွဲ့ဝင်နိုင်ငံများ လက်တွဲဖော်ဆောင်ကြရမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် ရေမြေသယံဇာတများ ခန်းခြောက်လုနီးပါး အခြေအနေသို့ ဆိုက်ရောက်လျက်ရှိရာ အခြေခံပတ်ဝန်းကျင်ပြဿနာနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုးကျိုးများ ဖြစ်ပေါ်စေပေသည်။

ကမ္ဘာလုံးဆိုင်ရာ ပြဿနာများသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ဆက်စပ်ယှက်နွယ်လျက်ရှိသည်။ လူသားများ၏ ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးစီးပွားအတွက် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု တည်တံ့ရေးအပါအဝင် ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ကျော်လွှားနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအားလုံးက လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပိန္နဲကုန်းလမ်း ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်၊ ဦးဘတင်-ဒေါ်အုန်းကြည် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော်အရှင်ကုသလ (M.A) ရှေ့မှောက်၌ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(ပြည်သူ့သဘောထား)

သာပေါင်းပျော့ဖတ်နှင့် စက္ကူစက်ရုံ လျှပ်စစ်ဓာတ်အားရရှိရေး စက်ပစ္စည်းများဝယ်ယူရန် စာချုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

သာပေါင်းပျော့ဖတ်နှင့် စက္ကူစက်ရုံ၌ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အသုတ်-သာပေါင်း (၆၆)ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းရေး စက်ပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းနှင့် Central China Power Grid International Economic & Trade Co., Ltd. (CCPG)တို့ စာချုပ်လက်မှတ်ရေးထိုး ချုပ်ဆိုပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Power Grid International Economic & Trade Co., Ltd. (CCPG) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က စာချုပ်လက်မှတ်ရေးထိုးရခြင်းအကြောင်းကို ရှင်းလင်းတင်ပြ၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Power Grid International Economic & Trade Co., Ltd. (CCPG) မှ Vice General Manager Ms. Xiong Hengxi တို့ စာချုပ်တွင် လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။ **(ယာပုံ)**

ထို့နောက် Central China Power Grid International Economic & Trade Co., Ltd. (CCPG) မှ Vice General Manager Ms. Xiong Hengxi က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံ မီးသတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အခြေခံ မီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျွန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ အခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၇)ကို စက်တင်ဘာ ၁၇ရက်မှ အောက်တိုဘာ ၂၅ရက်အထိရက်သတ္တခြောက်ပတ်ကြာ သင်တန်းသား ၃၀ဖြင့် ဖွင့်လှစ်ခဲ့သည်။

အခြေခံ မီးသတ်ပညာသင်တန်းမှ သင်တန်းသားများ၏ အသက်ကယ်စွမ်းရည် သရုပ်ပြပွဲကို အောက်တိုဘာ ၂၄ရက် မွန်းလွဲ ၂နာရီတွင် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် အရာရှိကြီးများ တက်ရောက်ကြည့်ရှုအားပေးပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းသားများအား အသက်ကယ်စွမ်းရည်များကို နိုင်ငံတကာအဆင့်မီအောင် လေ့ကျင့်သွားရေး၊ သင်တန်းမှ သင်ကြားပေးခဲ့သော အသက်ကယ် နည်းစနစ်များကို မိမိဒေသ ရောက်ရှိသည့်အခါ စဉ်ဆက်မပြတ် လေ့ကျင့်သွားရေးတို့ကို မှာကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၀၀၀၀ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ် စာစင် အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း၌ ငွေကျပ် သိန်းတစ်ရာ့တစ်ဆယ် အကုန်အကျခံတည်ဆောက်မည့် ကိုယ့်အားကိုယ်ကိုး တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက်တွင် ယင်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီ နာယက မုဒုံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မြင့်နိုင်နှင့် တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးမင်းသောင်း ဟန်တို့က အမှာစကား ပြောကြားကြ သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မြမာလာလမ်းနေ ဦးပန်လာ-ဒေါ်ဖွားသန်း (ရွှေရတနာဦးရွှေဆိုင်) မိသားစုက ငွေကျပ် ငါးသိန်း အပါအဝင် အလှူရှင်များ၏ စုစုပေါင်း လှူဒါန်းငွေကျပ် သုံးဆယ့်နှစ်သိန်းကို တိုးချဲ့နှစ်ထပ် ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးမင်းသောင်းဟန်က လက်ခံယူပြီး ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သုံးခွမြို့ သဇင်လမ်း(၂)ရပ်ကွက်နေ ဒေါ်သီတာအောင်၊ သမီး သက်ထားဆွေဇင်၊ သား ဖွဲ့ခန့်ဇော်၊ သမီးဆုလာဘ်နှင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

ပြည်တွင်းခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာ့ခရီးသွား လုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာနှင့် စရိတ်သက်သာစွာ ခရီးသွားလာနိုင်စေရန် ရည်ရွယ်၍ ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းခရီးသွားများအနေဖြင့် အစုအဖွဲ့လိုက်ဖြစ်စေ၊ အဖွဲ့ငယ်အနေဖြင့်ဖြစ်စေ ဒေသန္တရ ဗဟုသုတ လေ့လာရေးခရီးစဉ်၊ အပန်းဖြေခရီးစဉ် ဘုရားဖူးခရီးစဉ်များကို သွားရောက်နိုင်စေရန် အဆင့်မြင့်ယာဉ်များဖြင့်စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခု ပွင့်လင်းရာသီ ကျောင်းပိတ်ရက်ကာလများအတွင်း ရန်ကုန်-ကျိုက်ထီးရိုး (တစ်ညအိပ်/ နှစ်ရက်)နှင့် ရန်ကုန်-ချောင်းသာ-ရန်ကုန် (နှစ်ညအိပ်/သုံးရက်)ခရီးစဉ်များကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ သွားရောက်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အသေးစိတ် သိရှိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ်(၇၇/၉၁)ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၈၅၉ နှင့် ၃၇၈၃၇၆၊ ၃၈၇၀၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မာအခါတော်နေ့

မင်းရော (မြေလတ်)

"ကြာငါးမည်ကြိုင်သင်းလို့
လျှံဝင်းတဲ့ပြောင်ထိန်။
ရွှေနန်းတောင်တော်ဦးမှာ
ကွန့်မြူးမြင်းမိုရ်မီး
ညီးတဲ့ခါချိန်။
ရှိဦးငယ်နှိမ်
သုံးကြိမ်ရှိပျောင်း။
သက္ကစ္စာဂါရဝါနှင့်
စဉ်အလာပူဇော်ပွဲကို
နွဲကြပေတောင်း။"

ဖိုးသူတော် ဦးမင်း

မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ် အစရှိသော ရာသီဆယ့်နှစ်ကွင်းတွင် ကန်ရာသီကုန်၍ တူရာသီသို့ တက်လှမ်းရောက်ရှိခဲ့ပါပြီ။

ဝါကျွတ်တော့မည်ဆိုလျှင် ထူးခြားတင့်လှ ဝိသေသလက္ခဏာအဖြစ် ရေသီတာကန်သာတွင်းနှင့် မြစ်ချောင်းအိုင်အင်းများအတွင်း၌ ကြာပန်းတို့က တန်ဆာဆင်ကြလေတော့သည်။ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်နှင့် ကြာပဒုမ္မာတို့မှာ မွှေးရနံ့တလူလူ ပွင့်ကြူ၍ တစ်မူထူးခြားစွာ ဆင်ယင်တတ်သောကြောင့်လည်း သီတင်းကျွတ်လ၏ ဂုဏ်အင်္ဂါမှာ မြူးစွင့်လာရခြင်း ဖြစ်ပေသည်။

သီတင်းကျွတ်လသည် မြန်မာလများတွင် ခုနစ်လမြောက် ဖြစ်သည်။ ထိုလအခါတွင် မိုးရာသီကုန်ဆုံးတော့မည်ဖြစ်၍ မိုးအားနည်းလာသည့် သီတင်းကျွတ်လ၌ ရွာသွန်းသည့်မိုးကို **"သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး"**ဟူသော ရှေးတောင်သူလယ်သမားကြီးများ၏ မိုးလက်္ခဏာအရ ဘုရားဆွမ်းတော်တင်သည့် သံပုတ်ပုလ္လင်တော်ကို နောက်ဆုံးဆေးကြောသည့် အနေဖြင့် နှုတ်ဆက်ရွာသွန်းသော မိုးဟု ဆိုကြပေသည်။

အဘိဓမ္မာဒေသနာတော်သည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အနက် ထက်ဝက်မျှပင်ရှိ၏။ လွန်စွာများပြားရှည်လျား၏။ ဝါတွင်းသုံးလပတ်လုံး ဆက်တိုက်ဟောမှ ပြီးဆုံး၏။ ထိုမျှလောက်ရှည်လျားသော ဒေသနာတော်ကို လူ့ပြည်တစ်နေရာတည်း ဣရိယာပုတ်တစ်မျိုးတည်းဖြင့် ဆက်တိုက်နာကြားနိုင်သော ပုဂ္ဂိုလ်မျိုး မရှိပါ။ နတ်ပြည်၌သာ ရှိပါသည်။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်ကို လူ့ပြည်၌ ဟောကြားတော်မမူဘဲ နတ်ပြည်၌သာ ဟောကြားတော်မူပါသည်။

သီတင်းကျွတ်လရာသီတွင် မိုးမကုန်သေးသော်လည်း နေရောင်ခြည်ဖြာစပြုလာသည်ဖြစ်၍ သာယာတော့မည့် ဆောင်းရာသီ၏ အရုဏ်ဦးအချိန်ပင် ဖြစ်သည်။ ယင်းအချိန်တွင် ဗုဒ္ဓဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့က ပုရိမဝါဆိုတော်မူကြသည့် သံဃာတော်များမှာ ဤလ၏ လပြည့်နေ့တွင် ဝါဆိုသည့်ကာလ ကုန်ဆုံးသွားကြသည်ဖြစ်၍ အရပ်တစ်ပါးသို့ ညဥ့်အိပ်ညဥ့်နေ လွတ်လပ်စွာ ကြွတော်မူနိုင်ကြပေသည်။ တောင်သူလယ်သမားကြီးတို့အဖို့ကား စပါးနှံတို့သည် မိုးယံသို့ တူရူထိုးတက်ချိန် ဖြစ်သောကြောင့် မြကမ္ဗလာရောင်အဆင်းရှိသော စပါးခင်းတို့ကိုကြည့်ကာ ပီတိဖြာနေသောအချိန် ဖြစ်ပါသည်။

သီတင်းကျွတ်လတွင် ထေရဝါဒ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ရှေးရိုးစဉ်လာ ထုံးတမ်းမပြတ် ကုသိုလ်ကောင်းမှု ပြုသည့်အနေဖြင့် မီးမြင်းမိုရ်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိပါသည်။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ခုနစ်ဝါမြောက် ဝါဆိုလသို့ ရောက်သည့်ကာလ သာဝတ္ထိပြည်တွင် သရက်ဖြူပင်ရင်း၌ အယူလွဲမှားနေသော တိတ္ထိတစ်သင်းတို့အား တန်ခိုးပြာဋိဟာပြကာ နှိမ်နင်းချေချွတ်တော်မူသည်။ ထို့နောက် တာဝတိံသာ နတ်နန်းဝယ် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားအား အမှူးပြု၍ နက်နဲလှစွာ အဘိဓမ္မာဒေသနာတော်ကို ဇန္ဒုကမ္ဗလာ မြကျောက်ဖျာထက်တွင် ဝါတွင်းသုံးလပတ်လုံး ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ဟောကြားတော်မူခဲ့သည်။ ယင်းသို့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် ဤဝါကျွတ်ချိန်ခါရက်မြတ်တွင် တာဝတိံသာနတ်နန်းမှသည် လူ့ပြည်ဖြစ်သော သင်္ကဿနဂိုရ်သို့ သိကြားမင်းလှူဒါန်းသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စောင်းတန်းသုံးသွယ်ဖြင့် နတ်ဗြဟ္မာအပေါင်းတို့ ခြံရံလျက် ဆင်းသက်ကြွမြန်းတော် မူလာခဲ့သည်။

ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော့မည့်အခါ၌ မြင်းမိုရ်တောင်ထိပ်ဝယ် ရပ်တော်မူကာ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၏။ အထက်ကောင်းကင်သို့ ကြည့်တော်မူ၏။ ထိုအခါ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင်သော အရပ်တို့မှာ အဆီးအတားမရှိ ဟင်းလင်းဖြစ်၍သွား၏။ အောက်အရပ်သို့ ကြည့်တော်မူပြန်သော် အဝီစိငရဲသို့တိုင်အောင်သော အရပ်တို့မှာ အပိတ်အပင် အတားအဆီးမရှိ ဟင်းလင်းဖြစ်၍သွား၏။ ထို့နောက် တူရူအရပ်၊ တောင်အရပ်တို့တွင် ကြည့်တော်မူပြန်လျှင် ပတ်ဝန်းကျင် စကြဝဠာတိုက်ပေါင်း ထောင်ပေါင်းများစွာတို့သည် အဆီးအတားမရှိ ဟင်းလင်းဖြစ်ကြကုန်၏။ ထိုအခါ နတ်ဗြဟ္မာတို့က လူတို့ကိုမြင်ရသကဲ့သို့ လူတို့ကလည်း နတ်ဗြဟ္မာတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရကုန်၏။

ဗုဒ္ဓရှင်တော်မြတ်သည် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ အလယ်ဇဟိုင်၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းကြွမြန်းတော်မူလေသည်။ နတ်အပေါင်းက လက်ယာဘက်ရွှေစောင်းတန်းဖြင့် လိုက်ပါသက်ဆင်းလာသကဲ့သို့ ဗြဟ္မာကြီးများကလည်း လက်ဝဲဘက်ငွေစောင်းတန်းဖြင့် သက်ဆင်းလိုက်ပါလာကြ၏။ ပဥ္စသိခ်နတ်သားကမူ ဗေဠုဝစောင်းကိုတီး၍ ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာ၏။ မာတလိနတ်သားကလည်း နတ်၌ဖြစ်သော ပန်းနံ့သာအမွှေးအကြိုင်တို့ကို ကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်း လိုက်ပါလာ၏။ သုယာမနတ်မင်းသည် စာမရီသားမြီးယပ်ကို ခပ်လျက် လည်းကောင်း၊ သန္တုသိတနတ်မင်းသည် ပတ္တမြားယပ်ဝန်းကို ခပ်လျက်လည်းကောင်း၊ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကို မှုတ်လျက်လည်းကောင်း လက်ယာဘက်မှပင် ပူဇော်ကာ သက်ဆင်းလိုက်ပါကြလေသည်။ ထိုနည်းတူ ကြွင်းသော စကြဝဠာတိုက်တို့၌နေကြသော နတ်တို့သည်လည်း အမျိုးမျိုးသောပူဇော်မှုကိုပြုကြလျက် သက်ဆင်းလိုက်ပါလာကြလေသည်။ လက်ဝဲဘက် ငွေစောင်းတန်းမှလည်း သဟံပတိဗြဟ္မာကြီးသည် ဗြဟ္မာ့ထီးဖြူကြီးကို ဆောင်းမိုးပူဇော်ကာ သက်ဆင်းလိုက်ပါလာလေသည်။

မြတ်စွာဘုရားသည် နတ်ဗြဟ္မာအပေါင်း ခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ လူ့ပြည်သို့အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်ကို ချမိလျှင်ပင် ဘုရားရှင်ကို တပည့်ကြီး ရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာ ရှိခိုးပူဇော်လေသည်။ ထို့နောက်မှ ကျန်သော ပရိသတ်တို့က မြတ်စွာဘုရားကို ရှိခိုးဖူးမြော် ပူဇော်ကြလေသည်။

ဤသို့ ရှင်သာရိပုတ္တရာအမှူးပြုသော လူနတ်ဗြဟ္မာမျိုးစုံ ပါဝင် သည့် ပရိသတ်အပေါင်းက ဘုရားရှင်အား သောင်းသောင်းဖြဖြ ပူဇော်ပွဲကြီးကို ဆင်ယင်ပြုလုပ်ခဲ့ကြခြင်းမှာ ဘုရားရှင်ခုနစ်ဝါမြောက်တွင် ဖြစ်သည်။

"ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း
ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်
ရွှန်းရွှန်းတင့်သား၊နတ်မင်းစံရာ
ဝတိံသာသို့၊ လေးဖြာရောင်စို
မြင်းမိုရ်ပွဲကြီး"

ဟူ၍ စာဆိုတော် ဦးယာက မြင်းမိုရ်ပွဲကျင်းပပုံကို စာမော်ကွန်း တင်ခဲ့သည်။

ထိုလကို ဗေဒင်အတွေးအခေါ်အားဖြင့် တူရာသီဟုခေါ်၏။ ထိုရာသီတွင် အဿဝဏီနက္ခတ်သည် စန်းဟုခေါ်သော လမင်းနှင့်အတူ ယှဉ်ပြိုင်ထွန်းပပါသည်။ရာသီရုပ်မှာ ချိန်ခွင်ကိုကိုင်စွဲသော ယောကျ်ားရုပ်သဏ္ဍာန်ဖြစ်၍ ထိုလ၌ ငုံအာစွင့်စွင့် ရေထက်မြင့်ကာ ဖူးပွင့်နေကြရာသော ကြာဖြူ၊ ကြာနီ၊ကြာညို၊ ကြာတံဆိပ်(ကြာပုဏ္ဍရိက်)၊ ကြာခေါင်းလောင်း (ပဒုမ္မာ) ဟူသော ကြာမျိုးငါးပါးတို့သည် ထိုလ၏ ရာသီ ပန်းများ ဖြစ်ကြသည်။ ထိုလတွင် ဆီမီးမြင်းမိုရ်ပွဲ(ဝါ) တာဝတိံသာပွဲကို ရာသီပွဲအဖြစ် ကျင်းပလေ့ရှိကြသည်။ ယခုခေတ်၌ ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာကို ဝါတွင်းသုံးလပတ်လုံး ဟောပြီး၍ သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်ကြွလာသည်ကိုအကြောင်းပြု၍သီတင်းကျွတ်လပြည့်နေ့တွင် "အဘိဓမ္မာအခါတော်နေ့"ကို ကျင်းပကြသည်။ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆နာရီတွင် နေဝင်သဖြင့် နေ့တာ ညတာ ညီမျှသောလ ဖြစ်သည်။

သီတင်းကျွတ်လသည် မိုးရာသီကုန်ဆုံးသည့်လလည်းဖြစ်သည်။ မိုးလေကင်းလွတ်၍ ရာသီဥတု ကောင်းမွန်သာယာသည့် အချိန်အခါ ဖြစ်သည်။ ထိုအချိန်တွင် ဘိုးဘွားမိဘ ဆရာသမားများအား တပည့် သားမြေးများက လှူဖွယ်ပစ္စည်းများဖြင့် သွားရောက်ကန်တော့ကြသည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်တို့အကြား ချစ်ခင်မြတ်နိုးမှု၊ ရိုသေလေးစားမှုများတိုးပွား၍ ကြည်နူးချမ်းမြေ့စရာ အချိန်အခါဖြစ်သည်။

"ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်ကင်းပါစေ၊ သည်မိသည်ဖ၊ သည်လင်သည်မယား၊ သည်သားသည်သမီးတို့နှင့် အိုအောင်မင်းအောင် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာပေါင်းရပါစေ၊ ထိမယ့်ခလုတ်ဆုတ်ပါစေ၊ လာမယ့်ဘေး ဝေးပါစေ၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ၊ လိုအပ်သောဆုနဲ့ ပြည့်စုံပါစေ" အစရှိသည့် အကြင်နာတရားပြည့်ဝသော ဆုပေးသံများ၊ 'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ'ဟု လိုလားနှစ်သက်စွာ ခံယူသောအသံတို့ဖြင့် ပွဲတင်ထပ်နေသော မြန်မာတို့၏ မင်္ဂလာအချိန်အခါ ဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်တို့ ပဝါရဏာပွဲ ပြုလုပ်ကျင်းပကြသည်။ ပဝါရဏာ၏အဓိပ္ပာယ်မှာ ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်းဟူ၍ ဖြစ်သည်။ အကျဉ်းချုပ်မှာ ရဟန်းတော် အချင်းချင်း အပြန်အလှန် တိုက်တွန်းတောင်းပန်သည့်ပွဲ၊ အပြန်အလှန် ဖိတ်ကြားသည့်ပွဲ ဖြစ်လေသည်။

"ငါ့ရှင်တို့ တပည့်တော်သည် သံဃာကိုဖိတ်ကြားပါ၏။ တပည့်တော်တို့၏အပြစ်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆို သတိပေးကြပါ၊ အပြစ်ကို ကုစားပါမည်"ဟူ၍ ပဝါရဏာ ပြုကြရသည်။

အဘိဓမ္မာဒေသနာတော်သည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အနက်ထက်ဝက်မျှပင်ရှိ၏။ လွန်စွာ များပြားရှည်လျား၏။ ဝါတွင်းသုံးလပတ်လုံး ဆက်တိုက်ဟောမှ ပြီးဆုံး၏။ ထိုမျှလောက် ရှည်လျား သောဒေသနာတော်ကို လူ့ပြည်တစ်နေရာတည်း ဣရိယာပုတ် တစ်မျိုးတည်းဖြင့် ဆက်တိုက်နာကြားနိုင်သော ပုဂ္ဂိုလ်မျိုး မရှိပါ။ နတ်ပြည်၌သာ ရှိပါသည်။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်ကို လူ့ပြည်၌ ဟောကြားတော်မမူဘဲ နတ်ပြည်၌သာ ဟောကြားတော်မူပါသည်။

မြတ်ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် လူ့ပြည်သို့ ပြန်လည်ကြွမြန်းရာ၌ သင်္ကဿနဂိုရ်မြို့ တောင်ဘက်တံခါးဝသို့ လက်ယာခြေတော်ချရာ နေရာဌာနသည် ဗုဒ္ဓဘုရားရှင်တိုင်း မစွန့်အပ်သော အဝိဇဟိတလေးပါးအနက် တစ်ပါးအပါအဝင် ဖြစ်ပါသည်။

မြန်မာလ ရာသီပွဲသဘင်များတွင် သင်္ကြန်ပွဲတော်နှင့် သီတင်းကျွတ်ပွဲတော်တို့သည် အစည်ကားဆုံးပွဲတော်များ ဖြစ်ကြပါသည်။ သီတင်းကျွတ်ပွဲတော်ရက်သည် ခြေခင်းလက်ခင်းသာချိန်ဖြစ်၍ လူတိုင်း စိတ်လက်ကြည်နူးကြသည်။ ပွဲတော်ရက်အတွင်း မိသားစုမိတ်ဆွေသင်္ဂဟ စုံစုံညီညီ အလည်အပတ်သွားကြသည်။ ငယ်ရွယ်သူတို့အနေဖြင့် ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ ပျော်ပျော်ရွှင်ရွှင် သွားလာကြသည်။

ကုသိုလ်ကောင်းမှုအဖုံဖုံ ပြုခွင့်ရပြီးနောက် စိတ်လက်ကြည်နူးစွာ သွားလာ လည်ပတ်ခွင့်ရသော ဤသီတင်းကျွတ် ပွဲတော်ရက်သည် နှစ်သက်မြတ်နိုးဖွယ် ကောင်းလှပါကြောင်းနှင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် ကျင်းပကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တရုတ်နိုင်ငံ ဟောင်ကောင်ရှိ မော်တော်ယာဉ်သွားလာမှုထိန်းချုပ်ရေး ဗဟိုခန်းမကို အောက်တိုဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

လေယာဉ်ပျံသန်းချိန် လျှော့ချ၍ အလုပ်သမားများ သပိတ်မှောက် မီလန်လေဆိပ်၌ ခရီးစဉ် ၂၅၀ ဖျက်သိမ်းခဲ့ရ

မီလန် အောက်တိုဘာ ၂၆

လေယာဉ်ပျံသန်းချိန် လျှော့ချသည့်အတွက် ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အလုပ်သမားများ သပိတ်မှောက်မှုကြောင့် မီလန်လေဆိပ်တွင် လေယာဉ်ခရီးစဉ်၂၅၀ကို အောက်တိုဘာ ၂၂ရက်က ဖျက်သိမ်းခဲ့သည်။

မယ်ပင်ဆာ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်း ပိတ်ဆို့ပြီး ဆန္ဒပြသူများ လေးနာရီကျော် သပိတ်မှောက်ခဲ့ကြောင်း မီလန်လေဆိပ်အော်ပရေတာက ပြောကြားသည်။ ၎င်းသပိတ်မှောက်မှုတွင် အီတလီပြည်တွင်းလေကြောင်းပိုင်း အလုပ်သမား အများအပြားပါဝင်ခဲ့သည်။

မယ်ပင်ဆာလေဆိပ်တွင် ပြည်ပမှရောက်ရှိလာမည့် ခရီးစဉ် ၁၉၇ခုနှင့် လီနိတ်လေဆိပ်ပြည်တွင်းခရီးစဉ် ၅၇ ခုကို ဖျက်သိမ်းခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ပြပွဲဗျူရိုတာဝန်ရှိသူများ အီတလီနိုင်ငံသို့ လာရောက်ချိန်နှင့် သပိတ်မှောက်မှု တစ်ပြိုင်နက်ဖြစ်ပေါ်နေသောကြောင့် ၂၀၁၅ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ပြည်ပပို့ကုန်ပြပွဲကို မီလန်မြို့တွင် ကျင်းပရန် စဉ်းစားချင့်ချိန်နေသည်။

ရောမမြို့ရှိ မီယူမီဆီနိုနှင့် ကမ်ပီနိုလေဆိပ်များတွင်လည်း လေယာဉ် ခရီးစဉ် ၂၅၈ ဖျက်သိမ်းခဲ့ကြောင်း၊ လေကြောင်းလိုင်းထိန်းသိမ်းသူများလေးနာရီကျော် သပိတ်မှောက်နေသောကြောင့် လေယာဉ်များပျံသန်းနိုင်ခြင်းမရှိကြောင်း လေကြောင်းထိန်းချုပ်ရေး ကုမ္ပဏီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဟန်ဂေရီတွင် ဆန္ဒပြမှုဖြစ်ပွား ရဲက မျက်ရည်ယိုဗုံးသုံး၍ လူစုခွဲ

ဘူဒါပက် အောက်တိုဘာ ၂၆

ဟန်ဂေရီနိုင်ငံတွင် အစိုးရ ဆန့်ကျင်သော လက်ယာစွန်း ဆန္ဒပြသူများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ တနင်္လာနေ့ ညနေပိုင်းက အခင်းဖြစ်ပွားခဲ့ရာ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမ်တီအိုင် သတင်းဌာနက ဖော်ပြသည်။

အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများနှင့် ရေပိုက်များ အသုံးပြုကာ လူစုခွဲခဲ့သည်။ ဆန္ဒပြသူများက ရဲတပ်ဖွဲ့ဝင်များကို ပုလင်းဗုံးများ၊ ပုလင်းများဖြင့် ပစ်ပေါက်ကြပြီး ရဲတပ်ဖွဲ့မှ မော်တော်ယာဉ်ကို မီးရှို့ခဲ့ကြသည်။

ဒဏ်ရာရ

ထိခိုက်ဒဏ်ရာ ရရှိသူများတွင် ရိုက်တာသတင်းထောက်တစ်ဦး ပါဝင်ပြီး ဟန်ဂေရီ သတင်းစာဆရာ နှစ်ဦးနှင့် ရဲအရာရှိ ငါးဦးတို့လည်း ဒဏ်ရာရရှိခဲ့ကြသည်။ ရဲတပ်ဖွဲ့က ဆန္ဒပြသူ ၁၂ ဦးထက်မနည်းကို ဖမ်းဆီးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

လူအများအပြားသေဆုံးခဲ့ရသည့် ပါကစ္စတန်ဗုံးပေါက်ကွဲမှု မသင်္ကာသူတစ်ဦး၏ ဓာတ်ပုံကို ရဲတပ်ဖွဲ့က ဖြန့်ချိ

ကရာချိ အောက်တိုဘာ ၂၆

ပါကစ္စတန်နိုင်ငံမှ အတိုက်အခံပါတီခေါင်းဆောင် ဌာနေသို့ပြန်လာပြီးနောက် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၃၉ဦးထက်မနည်း သေဆုံးခဲ့ရသည်။ အဆိုပါ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ အသေခံဗုံးဖောက်ခွဲသူ၏ ဓာတ်ပုံကို ပါကစ္စတန် ရဲ တပ်ဖွဲ့က စနေနေ့တွင် ဖြန့်ချိခဲ့သည်။

ကန့်သတ်ထား

ယင်းဖောက်ခွဲမှုကြောင့် ရွေးကောက်ပွဲ ကျင်းပမည့်အစီအစဉ် ထိခိုက်ခြင်းမရှိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ရှော်ကက်အဇစ်က လာဟိုးမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

ပြောကြား

လုံခြုံရေး အခြေအနေအရ မဲဆွယ်လှုပ်ရှားမှုများကို ကန့်သတ်ထားမည်ဟု ပြည်ထဲရေးဝန်ကြီး ရှာပါအိုက ပြောကြားသည်။

ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးတို့ နှစ်ဦးစလုံး အသေခံဗုံး ဖောက်ခွဲမှုမှ လွတ်မြောက်ခဲ့ကြသည်။ ဗုံးဖောက်ခွဲသူဟု သင်္ကာမကင်းဖြစ်ရသူသည် အသက် ၂၀မှ ၂၅ နှစ်အတွင်းရှိသူဖြစ်ပြီး ကရာချိတွင် နေထိုင်သူတစ်ဦးဖြစ်ဖွယ်ရှိသည်ဟု လုံခြုံရေးတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်ပင်လယ် အပန်းဖြေ ကမ်းခြေတစ်နေရာကို အောက်တိုဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ဒါးလက်လေဆိပ်၌ မသင်္ကာဖွယ်အိတ်တစ်အိတ်တွေ့ရှိ ခရီးသည်များအား ရွှေ့ပြောင်းပေးခဲ့ရ

ဝါရှင်တန် အောက်တိုဘာ ၂၆

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့အနီးရှိ ဒါးလက် နိုင်ငံတကာ လေဆိပ်တွင် တနင်္လာနေ့က မသင်္ကာဖွယ် အိတ်တစ်အိတ် တွေ့ရှိခဲ့သဖြင့် ခရီးသည်များအား ခေတ္တရွှေ့ပြောင်းပေးခဲ့သည်။

မသင်္ကာဖွယ် အိတ်တစ်အိတ်ကို ညနေ ၃ နာရီတွင် တွေ့ရှိခဲ့ပြီးသည့်နောက် လက်မှတ်အရောင်းဌာန အပါအဝင် လေဆိပ်အပေါ်ထပ်မှ လူများကို ရွှေ့ပြောင်းပေးခဲ့ရသည်ဟု ဝါရှင်တန် လေဆိပ် မြို့ပြအာဏာပိုင်အဖွဲ့က သတင်းထောက်များအား ပြောကြားသည်။

တစ်နာရီခန့်အကြာတွင် လေဆိပ်တာဝန်ရှိ ပုဂ္ဂိုလ်များက အန္တရာယ်မရှိကြောင်း ကြေညာပြီး ခရီးသည်များအား လေဆိပ်အတွင်း ဝင်စေပြီး ကွန်ပျူတာဖြင့် လုံခြုံရေးအရ စစ်ဆေးခဲ့သည်။

ယင်းဖြစ်ရပ်ကြောင့် လေကြောင်းသွားလာရေး၌ ထိခိုက်မှု ရှိ၊ မရှိ မသိရသေးပေ။ ယင်းလေဆိပ်သည် ဝါရှင်တန်ဒီစီမြို့၏ အနောက် ကီလိုမီတာ ၄၀ အကွာတွင် တည်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားတွင် ကြက်ငှက်တုပ်ကွေးကြောင့် တစ်ဦးသေဆုံး

ဂျကာတာ အောက်တိုဘာ ၂၆

မြို့တော် ဂျကာတာအနောက်ဘက် တန်ဂါရန့်မြို့မှအင်ဒိုနီးရှား ကလေးငယ်တစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၈၉ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သော နှစ်ရက်က ဆေးရုံသို့ တက်ရောက်ကုသပြီးနောက် အောက်တိုဘာ ၂၃ ရက်တွင် လေးနှစ်အရွယ် မိန်းကလေး သေဆုံးခဲ့သည်။

တာဝန်ရှိသူများက ရောဂါဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးလျက်ရှိရာ ၎င်းမိန်းကလေးနေထိုင်ရာ ရပ်ကွက်တွင် ကြက် လေးကောင် သေဆုံးခဲ့ကြောင်း ကျန်းမာ ရေးဝန်ကြီးဌာန ကြက်ငှက်တုပ်ကွေး ရောဂါဌာနမှပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ ဒေသအများအပြားတွင် ကြက်ခြံများနှင့် လူများနီးကပ်စွာနေသောကြောင့် ကြက်ငှက်တုပ်ကွေး ရောဂါ ဖြစ်ပွားလေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ကုန်တိုက်တစ်ခုတွင် မော်ဒယ်များက လက်ကိုင်ဖုန်း အရောင်းမြှင့်တင်ရေး ပြုလုပ်နေသည်ကို အောက်တို ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

တရုတ်တွင်မီးရှူးမီးပန်းအလုပ်ရုံ ပေါက်ကွဲမှုကြောင့်၁၈ဦးသေဆုံး

ပေကျင်း အောက်တိုဘာ ၂၆

တရုတ်နိုင်ငံတွင်မီးရှူးမီးပန်းအလုပ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားရာ ၁၈ဦးထက်မနည်း သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း ပေကျင်းသတင်းစာက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။

ကောင်းကျင်အနောက်တောင်ဘက် ဇူရှန်စီရင်စုတွင် အောက်တိုဘာ ၂၁ ရက်နံနက်ပိုင်းက မီးရှူးမီးပန်း အလုပ်ရုံပေါက်ကွဲမှုကြောင့် အနီးရှိ အိမ်သုံးလုံးပျက်စီးပြီး လူတစ်ယောက် ပျောက်ဆုံးနေကြောင်း ပေကျင်း သတင်းစာက ရေးသားဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိန်နိုင်ငံသားသုံးဦးနှင့် ဂျာမန်တစ်ဦး ပေါ်တူဂီ ကမ်းလွန်တွင် ရေနစ်သေဆုံး

လစ္စဘွန်း အောက်တိုဘာ ၂၆

ရေစီးကြောင်းအတွင်း မျောပါသွားသည့် ကလေးငယ်များကို ကယ်တင်ရန်ကြိုးပမ်းသည့် ဗြိတိန်နိုင်ငံသား သုံးဦးနှင့် ဂျာမန်နိုင်ငံသားတစ်ဦးတို့သည် ပေါ်တူဂီနိုင်ငံ အယ်လ်ဂါဗ်ဒေသ ကမ်းလွန် တစ်နေရာတွင် တနင်္လာနေ့က ရေနစ်သေဆုံးသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ အဆိုပါ ကလေးငယ်များကို ဆာဂရီမြို့အနီးတွင် ကယ်ဆယ်ခဲ့နိုင်သည်ဟု ပေါ်တူဂီ ရေကြောင်းဆိုင်ရာရဲတပ်ဖွဲ့ တပ်မှူး ရိတ်ဘက်ဂိုအာက ပြောကြားသည်။ အသက် ၄၀ နှင့် ၅၀ အတွင်းရှိ လူလေးဦး၏ အလောင်းများကို ပြန်လည်တွေ့ရှိခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် ဦးပွားဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲနှင့် သံဃိကဒါနဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

မန္တလေးတိုင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် ဦးပွားဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲနှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သံဃိကဒါန ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်ရှိ အလယ်တိုက်ကျောင်းကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက် ကြည်ညိုပြီး ဘိလပ်မြေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက် နိုင်ငံတော် သြဝါဒါစရိယ လယ်ပေါ်ကျောင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တကာရုည၊ မင်းမာအုဌ်ကျောင်း နာယက ဆရာတော် ဘဒ္ဒန္တမဟိန္ဒ၊ ဦးဇာဂရကြီးကျောင်း နာယက ဆရာတော် ဘဒ္ဒန္တ သောဘဏာဘိဝံသ၊ ဒဂုံကျောင်း နာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ဆင်မင်းကျောင်း နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ဣန္ဒာသယ ဝိဇ္ဇာကျောင်း နာယက ဆရာတော် ဘဒ္ဒန္တသုနန္ဒ၊ ဂုဏဝတီကျောင်း နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလာစာရာဘိဝံသ၊ တမ္ပဝတီကျောင်း နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသြဘာသ၊ အမရပူရကျောင်း နာယက ဆရာတော် ဘဒ္ဒန္တကဝိန္ဒ၊ သန်းလှိုင် ရတနာအုဌ်ကျောင်း နာယက ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ၊ အာဇာနည်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒဝံသတို့ အမှူးပြုတော်မူသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ လယ်ပေါ်ကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကာရုည အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ပရိသတ်တို့က နိုင်ငံတော် သြဝါဒါစရိယ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက် လယ်ပေါ်ကျောင်း တိုက်အုပ်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်မြတ်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နိုင်ငံတော်သြဝါဒါစရိယ ဒက္ခိဏာရာမဘုရားကြီး ကျောင်းတိုက် လယ်ပေါ်ကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကာရုညထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့က မင်းမာအုဌ်ကျောင်း နာယက ဆရာတော် ဘဒ္ဒန္တမဟိန္ဒထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီးတို့က ဆင်မင်းကျောင်း နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဦးပွားဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၄၀ ကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ကလည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၀ သိန်းကို မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်ကလည်းကောင်း၊ အလှူရှင် ဦးစိန်ဝင်း-ဒေါ်တင်လှ "မင်း"ဆောက်လုပ်ရေးက ငွေကျပ်နှစ်သိန်း၊ ဦးမြင့်ဝေ-ဒေါ်နုနု "ရွှေငါး" မိသားစုက ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကလည်းကောင်း လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်တို့က နယားကျောင်းတိုက် နယားဆရာတော်ကြီးအား ရည်စူး၍ ဦးပွားဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး အတွက် ဘိလပ်မြေအိတ် ၅၀ နှင့် ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက် မွမ်းမံပြုပြင်ရေးအတွက် ဘိလပ်မြေအိတ် ၅၀ တို့ကို လှူဒါန်းသည်။

ဆက်လက်၍ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဦးပွားဆုတောင်းပြည့် စေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး အတွက် ဘိလပ်မြေအိတ် ၅၀ နှင့် ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်ရှိ ဆရာတော် သံဃာတော်များ အတွက် ဆွမ်းဆန်တော်အိတ် ၁၀၀ တို့ကို လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ အနုမောဒနာတရားနှင့် ရေစက်ချ တရားနာယူကြ၍ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများနှင့်အတူ ဘက်စုံပြုပြင် တည်ဆောက်လျက်ရှိသော ဦးပွားဆုတောင်းပြည့် စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အရှေ့ဘက်မုခ်ရှိ ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်တွင် ဆီမီး၊ အမွှေးတိုင်တို့ကို ဆက်ကပ်ပူဇော်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဦးပွားဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးပွားဆုတောင်းပြည့် စေတီတော်မြတ်ကြီးကို သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် တည်ထားကိုးကွယ်ပြီးစီးခဲ့ပြီး ဉာဏ်တော် အမြင့်မှာ ၉၆ ပေ ရှစ်လက်မနှင့် လုံးပတ်တော်မှာ ၉၇ ပေရှိကြောင်းနှင့် ယနေ့ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် ဘိလပ်မြေအိတ် ၁၀၀ နှင့် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၅၅ သိန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆွမ်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် အောက်တိုဘာ ၂၆

ဗိုလ်တထောင်မြို့နယ် အမှတ် (၅)ရပ်ကွက် လမ်း (၅၀) အောက်လမ်း ဓမ္မမာမက ဆွမ်းလောင်းဓမ္မာရုံက ကြီးမှူးပြီး အောက်တိုဘာ ၂၈ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီခွဲတွင် ရပ်ကွက်အတွင်းသို့ မြတ်စွာဘုရားအမှူးပြုသော ကျောင်းပေါင်း ၂၁ ကျောင်းမှ ပင့်သံဃာ ၆၃ ပါးတို့က လှည့်လည်၍ အလှူခံ ကြွမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းနိုင်ကြရန် နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်ထားသည်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဦးပွားဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက် ရေး အလှူငွေပေးအပ်ပွဲနှင့် သံဃိကဒါန ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သိက္ခာထပ်၊ ရဟန်းခံရှင်ပြု၊ ကထိန်အလှူတော်များနှင့် ဘုရားအဆူဆူတို့အား ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြသိန်းတန်အောင်ဓမ္မာရုံကြီး၏ ဥပါသကာဝတ်အဖွဲ့နှင့် လက်ပံတန်းမြို့နယ် ဝတ်အဖွဲ့တို့က သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ ကထိန်အလှူတော်များနှင့် ဘုရားအဆူဆူတို့အား ဆီမီး၊ ပန်း၊ ရေချမ်းတော်များ ဆက်ကပ်လှူဒါန်းပွဲများကို သီတင်းကျွတ်လအတွင်း ဆင်ယင်ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ (ယနေ့) တွင် စမ်းချောင်းမြို့နယ် မြသိန်းတန် အောင်ဓမ္မာရုံကြီး၌ ကိန်းဝပ်စံပယ်တော်မူသော ပြည်တော်ပြန် တန်ခိုးရှင် မြသိန်းတန် ရုပ်ပွားတော်မြတ်ကြီးအား ဆီမီး ၅၀၀၀၊ ပန်း၊ ရေချမ်းတော်များ ကပ်လှူပူဇော်ပွဲကျင်းပသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် အောက်တိုဘာ ၂၇ ရက်တွင် သဃ်န်းကျွန်းမြို့နယ် ရန်မျိုးအောင်စေတီတော်မြတ်၊ ဗဟန်းမြို့နယ် မူလကမ္ဘာအေးလေးစေတီတော်မြတ်၊ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်၊ ဗိုလ်တထောင်မြို့နယ် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်တို့၌ ဆီမီး ၁၀၀၀၊ ပန်း၊ ရေချမ်းတော်များ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ယင်းနေ့ ညနေ ၅ နာရီတွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီး (ဖယောင်းတိုင်) ၈၄၀၀၀၊ ပန်း၊ ရေချမ်းတော်များကို ဒသမအကြိမ်မြောက် လှူဒါန်းကြမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်ကျော် ၉ ရက် နိုဝင်ဘာ ၄ ရက်တွင် လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာ ကျောင်းတိုက်တွင် ကထိန်အလှူတော်မင်္ဂလာနှင့် ရှင် ၁၃ ပါး ရှင်ပြုပွဲကို ကျင်းပမည်ဖြစ်သည်။ သီတင်းကျွတ်လကွယ်နေ့ ညတွင် ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်တွင် ဆီမီးတစ်သောင်း၊ ပန်း၊ ရေချမ်းတော်များ လှူဒါန်းကြ၍ ပြည်မြို့ 'ဝ' စေတီတော်မြတ်၊ ဝန်ချတောင်စေတီတော်မြတ်နှင့် ရွှေဘုံသာမုနိစေတီတော်မြတ်တို့တွင် ဆီမီး ၁၀၀၀၊ ပန်း၊ ရေချမ်း တော်များ လှူဒါန်းကြမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် မြသိန်းတန် အောင်ဓမ္မာရုံကြီး အမှတ် (၇၆) စမ်းချောင်းလမ်း ဖုန်း-၅၁၀၅၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ပညာရေးငွေပဒေသာပင် စိုက်ထူ

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင် (၁၁)ရပ်ကွက် မုန်ကင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ မိဘမဲ့ကလေးများ ၉တန်း၊ ၁၀တန်းနှင့် တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ရန်အတွက် ဇေမင်း တိုက်အလှပြုပြင်ရေးကုမ္ပဏီ (Zealmen Decoration) မှ လုပ်ငန်းတစ်ခု၏ အမြတ်ငွေ ၅၀ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၃၀၀၇၀၀၀ ကို ပညာရေး ရန်ပုံငွေ ပဒေသာပင် စိုက်ထူရန် ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော်နှင့် နာယက ဆရာတော်များ ရှေ့မှောက်တွင် စက်တင်ဘာ ၂၅ရက်ကလှူဒါန်းရာ ကျောင်းဂေါပကဥက္ကဋ္ဌ ဦးတွတ်က လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်းနိုင်

ပရဟိတ အလှူရှင်များအနေဖြင့် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းလိုပါက ဖုန်း-၅၄၇၄၀၅ တိုက်အုပ်ဆရာတော် ဦးဂန္ဓသာရထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ ပြည်ပသာသနာပြုခရီး ကြွရောက်

ရန်ကုန် အောက်တိုဘာ ၂၆

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂီပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိက ပျော်ဘွယ်အရှင် ဝိသုဒ္ဓရုံသီသည် တိုကျိုမြို့အနီး စိုင်းတမကုမဂါယမြို့မှ ဒေါက်တာ တကကဇု ကိုဘာယရှိ၏ ပင့်ဖိတ်ချက်အရ ထေရဝါဒ ဗုဒ္ဓတရားတော်များ ဟောပြောပြသရန်အတွက် အောက်တိုဘာ ၁၅ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ကြွရောက်တော်မူပြီး ပင့်ထားသောတရားပွဲများအမီ ပြန်လည်ကြွရောက် ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နဝမနေ့ အစီအစဉ်များ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ၌ ဆက်လက်ကျင်းပ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) မယ်ဒလင် အတီးပြိုင်ပွဲတွင် ရောဝတီတိုင်းမှ မောင်ပိုမိုထက်အောင် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၆

နေပြည်တော်၌ ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၁၇ ရက်မှ စတင်ကျင်းပလျက်ရှိသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နဝမနေ့ အစီအစဉ်များကို အောက်တိုဘာ ၂၅ ရက်တွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများ ကျင်းပရာနေရာများသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်၌ လေ့လာရေးရောက်ရှိနေကြသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာများမှ ကျောင်းသားကျောင်းသူများနှင့် မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာကို လေးစားမြတ်နိုးကြသောပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ခေတ်ဟောင်းကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ဦးသာအောင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ခေတ်ဟောင်းကာလပေါ်တေးအဆိုပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး)ခေတ်ဟောင်းကာလပေါ် တေးအဆိုပြိုင်ပွဲတို့ကို နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်(စုဝေးခန်းမ)၌ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ) (အငြိမ်းစား) ဂီတပညာရှင် ဒေါ်တင်တင်မြနှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ ခေတ်ဟောင်းကာလပေါ်တေး အကဲဖြတ်ပညာရှင်များအဖွဲ့ ခေါင်းဆောင် ဂီတပညာရှင် ဦးမင်းနောင်နှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား) ခေတ်ဟောင်းကာလပေါ် တေးအဆိုပြိုင်ပွဲကို ကျင်းပရာ ဒေါ်ကြည်အောင်သီဆိုသည့် **"ရွှေတိဂုံသမိုင်း"**သီချင်းဖြင့် ချင်းပြည်နယ်မှ မောင်ချမ်းမြေ့၊ မကွေးတိုင်းမှ ဦးမျိုးခိုင်၊ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ ရခိုင်ပြည်နယ်မှ ဦးကိုကိုနိုင်၊ မန္တလေးတိုင်းမှ ဦးကိုကိုဦး၊ ကချင်ပြည်နယ်မှ ဦးဘိုတင်၊ ရှမ်းပြည်နယ်မှ ဦးသန်းတင်၊ ဧရာဝတီတိုင်းမှ ဦးဝင်းထွဋ်၊ မန္တလေးတိုင်းမှ ဦးဇော်ထွေးလတ်၊ ပဲခူးတိုင်းမှ ဦးအောင်ခိုင်၊ ကရင်ပြည်နယ်မှ ဦးသာအောင်၊ မွန်ပြည်နယ်မှ ဦးမင်းခင်မောင်ဇော်၊ စစ်ကိုင်းတိုင်းမှ ဦးမင်းထွန်းငြိမ်း၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ ကယားပြည်နယ်မှ ဦးဝင်းအောင်(ခေါ်) ဦးအောင်ကိုဝင်းနှင့် ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) ခေတ်ဟောင်း ကာလပေါ်တေးအဆိုပြိုင်ပွဲကိုကျင်းပရာ မြင့်မြင့်ရှိန် သီဆိုသည့် **"မမ္မစက်တော်"** သီချင်းဖြင့် တနင်္သာရီတိုင်းမှ မအေးမြတ်မွန်၊ မကွေးတိုင်းမှ မဇီဇဝါမိုး၊ ချင်းပြည်နယ်မှ မမေသူသူထွန်း၊ ကယားပြည်နယ်မှ မမေငြိမ်းချမ်း၊ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်နှင့် မစုယဉ်ထွန်း၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ စစ်ကိုင်းတိုင်းမှ မထက်ထက်ကျော်၊ မန္တလေးတိုင်းမှ မမြတ်သီတာအောင်၊ ပဲခူးတိုင်းမှ မအေးသန္တာ၊ ရခိုင်ပြည်နယ်မှ မညိုညိုလှိုင်၊ ဧရာဝတီတိုင်းမှ မမေသဇင်မြင့်၊ မန္တလေးတိုင်းမှ မခင်စပယ်၊ မွန်ပြည်နယ်မှ မခိုင်ဇာဝင်း၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်နှင့် ကချင်ပြည်နယ်မှ မကြည်ကြည်သာတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကွက်စိပ်အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့် ကွက်စိပ်အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား) ကွက်စိပ်ပြိုင်ပွဲတွင် **"ညီတော်မင်းနန်ချွတ်ခန်း"** ဇာတ်တော်ကို ကချင်ပြည်နယ်မှ ဦးမြစိုး၊ မွန်ပြည်နယ်မှ ဦးစိုးမင်းအောင်၊ ရန်ကုန်တိုင်းမှ ဦးစံမိုး၊ တနင်္သာရီတိုင်းမှ ဦးကျော်ရွှေနှင့် စစ်ကိုင်းတိုင်းမှ ဦးအောင်ဆန်းမင်းတို့ ဟောပြောပြိုင်ပွဲဝင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ တိမ်မြုပ် ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ယဉ်ကျေးမှုအနုပညာတစ်ရပ်ဖြစ်သည့် အသံဖြင့် သရုပ်ဆောင်ရသော ဆို၊ ငို၊ ပြော သရုပ်ဆောင်ပညာရပ်ကို ယနေ့ခေတ်လူငယ်လူရွယ်များ သိရှိတန်ဖိုးထား နားလည်စေရန် ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းစီစဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အရေးပြိုင်ပွဲ၏ တေးစာရေးသားပြီး သံစဉ်ထည့်သွင်း သီချင်းအဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်း တက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(စုဝေးခန်းမ)၌ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်အမှတ်ပေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ကျင်းပရာ အောက်တိုဘာ ၁၇ ရက်က တေးစာရေးသားခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ခဲ့ကြသော အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး)များက **"ပွင့်သောပန်းတိုင်းမွှေးပါစေ"** တေးစာခေါင်းစဉ်ကို သံစဉ်ထည့်သွင်းပြီး ကယားပြည်နယ်မှ မနန်းမို့မို့အောင်၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ စစ်ကိုင်းတိုင်းမှ မပန်းအိကျော်၊ ကချင်ပြည်နယ်မှ မောင်မြတ်မိုးပိုင်(ခ) ပိုင်ပိုင်၊ မွန်ပြည်နယ်မှ မောင်ပြည့်ဖြိုးမောင်၊ ဧရာဝတီတိုင်းမှ မောင်ကျော်စွာဝင်း၊ မန္တလေးတိုင်းမှ မောင်လင်းဟိန်း၊ ကရင်ပြည်နယ်မှ ဦးညီညီဟိန်း၊ ရှမ်းပြည်နယ်မှ မဝါဝါဝင်းလှိုင်နှင့် မန္တလေးတိုင်းမှ မောင်လှသူတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်း တက္ကသိုလ်နယ်မြေရှိ သစ်တောသုတေသနဌာန (စုဝေးခန်းမ)၌ကျင်းပရာ မယ်ဒလင်အတီးအကဲဖြတ်လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဦးမောင်မိုးနှင့် အတီး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မကေဇင်ချစ်စု ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး) တေးစာသား ရေးသားပြီး သံစဉ်ထည့်သွင်း သီချင်း အဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ မနန်းမို့မို့အောင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
၂၇-၁၀-၂၀၀၇	မဟာဂီတ	ဝါသနာရှင်(ပ)(ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
(စနေနေ့)		အခြေခံ(၁၀-၁၅)(မ)	၁၃၀၀	(စုဝေးခန်းမ)
	ကွက်စိပ်ပြိုင်ပွဲ	ညီတော်မင်းနန်ချွတ်ခန်း	၀၉၀၀	မွေးမြူရေးဆိုင်ရာ
	ပြဇာတ်	**စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည် ပဲခူးတိုင်း**	၁၉၀၀	ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်
	ရုပ်စုံသဘင်အဖွဲ့လိုက် စစ်ကိုင်းတိုင်းရုပ်စုံအဖွဲ့	**မဟာဒုက်ဇာတ်တော်**	၁၉၀၀ (စုဝေးခန်းမ)	စိုက်ပျိုးရေးသုတေသန
	တယော	ဝါသနာရှင် (ပ)(ကျား)	၀၉၀၀	သစ်တောသုတေသန
		အခြေခံ (၅-၁၀)(ကျား)(မ)	၁၃၀၀	(စုဝေးခန်းမ)
	ဒုံမင်း	ဝါသနာရှင်(ဒု) (ကျား)(မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အဆင့်မြင့်(ကျား)(မ)	၁၃၀၀	(စာသင်ခန်းမ)
		အခြေခံ(၅-၁၀)(ကျား)(မ)	၁၃၀၀	။
	ဆိုင်း(အဖွဲ့လိုက်)	ဝါသနာရှင် (ဒု) (မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၅-၁၀) (မ)	၁၃၀၀	(ဘွဲ့နှင်းသဘင်ခန်းမ)
		အခြေခံ(၁၀-၁၅)(မ)	၁၃၀၀	။

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး မဟာဝိဇယစေတီဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် မဟာဝိဇယစေတီတော်၏ သီတင်းကျွတ်လပြည့်နေ့ (၁၅)ကြိမ်မြောက် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ညနေ ၄ နာရီတွင် မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်ကြည်ညို ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့သည် မဟာဝိဇယစေတီတော်မြတ်အား ဖူးမြော်ကြည်ညို၍ ဆွမ်းတော်ကြီး၊ သစ်သီး၊ ပန်းနှင့် ဆီမီးများ ထွန်းညှိပူဇော်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ မဟာဝိဇယစေတီတော်၏ (၁၅)ကြိမ်မြောက် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲတွင် **ဆွမ်းတော်ကြီး၊ သစ်သီး၊ ပန်းနှင့် ဆီမီးများပူဇော်စဉ်။** (သတင်းစဉ်)

✧ **စာမျက်နှာ ၆ မှ**

အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ထိုသို့ပြိုင်ပွဲဝင်ရာ၌ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် **"တီးရှမ်းအောင်စည်"** (ကြိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ မောင်ဝဏ္ဏ၊ စစ်ကိုင်းတိုင်းမှ မောင်ကျော်မျိုးနိုင်၊ ပဲခူးတိုင်းမှ မောင်ပြည့်ဖြိုးအောင်၊ ရန်ကုန်တိုင်းမှ မောင်ချမ်းဟိန်းအောင်၊ ဧရာဝတီတိုင်းမှ မောင်အောင်ဟိန်း၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်သူ၊ မကွေးတိုင်းမှ မောင်မြမိုး၊ ရန်ကုန်တိုင်းမှ မောင်တိုးတိုးနှင့် မန္တလေးတိုင်းမှ မောင်ထိန်လင်းအောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် **"တီးရှမ်းအောင်စည်"** (ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မလဲ့ရည်ဝင်း၊ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ မကွေးတိုင်းမှ မကြည်ကြည်မာ၊ ရခိုင်ပြည်နယ်မှ မဆုစန္ဒာလှိုင်၊ ရန်ကုန်တိုင်းမှ မအေးမြင့်မြတ်နှင့် မပိုးအိကြည်သူဆန်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် **"မေတ္တာရွှေရည်"** (ကာလပေါ်)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စည်သူထွန်းနှင့် ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် **"မေတ္တာရွှေရည်"** (ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့် မခင်ပြည့်စုံအောင်တို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

အလားတူ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲ၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲနှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲများကို နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)၌ ကျင်းပရာ အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ စောင်းအကဲဖြတ်ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဦးအောင်ကိန်းနှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး)စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ **"သြဘာမင်္ဂလာဘွဲ့"** သီချင်းဖြင့် ချင်းပြည်နယ်မှ ဒေါ်ဆွေဆွေနိုင်၊ ရခိုင်ပြည်နယ်မှ ဒေါ်ထောနန်းဖော၊ မန္တလေးတိုင်းမှ ဒေါ်ဝင်းသိင်္ဂီကျော်၊ ဧရာဝတီတိုင်းမှ မတင်နီလာဝင်း၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မိမိမိုးနှင့် ဒေါ်ခင်အေးမွန်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ထံတျာတေရှင်"** (ကြိုး) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်ကြည်လင်၊ မန္တလေးတိုင်းမှ မောင်ရဲထက်အောင်၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် မကွေးတိုင်းမှ မောင်နေလင်းဦးတို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ **"ပန်းတသင်းသင်း"** (ပတ်ပျိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်အောင်ကိုကိုနှင့် မောင်မျိုးသူ၊ ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်နှင့် မွန်ပြည်နယ်မှ မောင်သန်းထွန်းအောင်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"တောဟောဝန်လယ်"** (ယိုးဒယား)သီချင်းဖြင့် ကရင်ပြည်နယ်မှ မခင်မိုးဟိန်းနှင့် ဧရာဝတီတိုင်းမှ မဂွဇာ (ခေါ်) အိအိမွန်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်)ခန်းမ၌ ကျင်းပရာ ဆိုင်းတစ်ဦးချင်း အကဲဖြတ်ပညာရှင်များအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသမီး)ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် **"ရွှန်းရွှန်းမြ"** သီချင်းခံဖြင့် ရန်ကုန်တိုင်းမှ မခင်ဆွေမွန်နှင့် ဒေါ်တုံတုံဝင်းဗိုလ် (ခေါ်) နွယ်နွယ်ထွန်း၊ မန္တလေးတိုင်းမှ မထက်ထက်လင်းနှင့် မနုနုလွင်နှင့် ပဲခူးတိုင်းမှ ဒေါ်မြမြဝင်းတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် **"မှန်ရဝေ"** (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မကေဇင်ချစ်စု၊ မန္တလေးတိုင်းမှ မငွေငွေအေးနှင့် ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် **"ဟေမာန်ပွေဟန်"** (ကြိုး) သီချင်းဖြင့် ကချင်ပြည်နယ်မှ မကြည်ကြည်သာ၊ မကွေးတိုင်းမှ မနှင်းအိခိုင်၊ ရန်ကုန်တိုင်းမှ မဝင်းနန္ဒလွင်၊ ပဲခူးတိုင်းမှ မဇင်မာဖြိုး၊ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့် မန္တလေးတိုင်းမှ မအိသဉ္ဇာအောင်တို့ ပြိုင်ပွဲဝင်ကြသည်။ (သတင်းစဉ်)

တော်ဝိစံပြကျေးရွာ ဘုရားကြီးကျောင်းတိုက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ ဘုရားကြီးကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များအား ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုအနုပညာ ခိုင်မာမြဲမြံအဝိဇ္ဇာန်

☆ သည်ယနေ့မှာ
နည်းပညာကြောင့် ကမ္ဘာကြီးပင်
သေးငယ်ထင်ရ အရှေ့မှအနောက်
တောင်မြောက်ချဉ်းနင်း သတင်းနည်းပညာ
အဖြာဖြာကြောင့် ရွာကြီးတစ်ရွာ
ပမာနှိုင်းဆို ဂလိုဘယ်လိုက်ဇေးရှင်း
သည်အခင်းမှာ စဉ်လာကြီးစွ
မြန်မာ့ယဉ်ကျေးမှု အစုစုတို့
ယခုအခါ၌ ပွန်းပဲ့လိုက်စား
တိုက်စားလျက်သာ ကြုံရပါပြီ
ကာကွယ်ထိန်းသိမ်း မယိမ်းစေရေး
စောင့်ရှောက်ပေးရာ ဒို့ဝန်တာ။

☆ သည်တာဝန်ကို ကျေပွန်စေရာ
စေတနာဖြင့် စဉ်လာရှေးရှု
ယဉ်ကျေးမှုတွင် အနုပညာ
အပါအဝင် သဘင်ဂီတ
မြန်မာ့အမွေ ထိန်းသိမ်းစေရေး
မြော်မြင်တွေးလျက်
မျိုးဆက်သစ်များ လက်ကမ်းသွားရန်
စိတ်ရည်သန်လျက်
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်
မြင့်မြတ်ခိုင်မာ စွဲမြဲစွာသား
တိုင်းရင်းသား စည်းလုံးညီညွတ်ရေး
အလေးပေးလျက်
ဦးတည်ချက်များ ချမှတ်ထားကာ
ကျင်းပလာကြ ဆိုကရေးတီး
ပြိုင်ပွဲကြီးသည် ခရီးတွက်စစ်
ဆယ်ငါးနှစ်တာ ရောက်ခဲ့ပါပြီ။

☆ မြန်မာ့အနုပညာ အဖြာဖြာကို
ခိုင်မာစွဲထား တိုင်းရင်းသားတို့
လက်များပေါင်းယှက် ဆောင်ရွက်ကြိုးကုတ်
ဖော်ထုတ်ကြရန် အဓိဋ္ဌာန်ဖြင့်
ရည်သန်မျှော်ပြီး သည်ပွဲကြီးသို့
စုစည်းရောက်လာ မင်္ဂလာရှိစွ
စိတ်အလှတို့ ပြည့်ဝထွန်းပေါ်
နေပြည်တော်တွင် ပွဲသဘင်ကြီး
ဝှဲဆင်ချီးရန် ရေကန်အသင့်ကြာအသင့်
ပန်းတင့်စွ သည်ဌာန။

☆ အနုပညာပန်းဝတ်လွှာတို့
ပေါင်းကာထုံသင်း သည်ပန်းခင်းဝယ်
တိုင်းရင်းသားတို့ စိတ်ထားညီတူ
မြန်မာဟူဘိ နှလုံးညှိကာ
အသိဖြာလျက် စုကာဆုံတွေ့
သည်ယနေ့မှာ ကြည်မွေ့နှလုံး
ရွှင်ပြုံးချမ်းသာရှိကြပါစေ။

☆ နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှု၏
အနုပညာ အဖြာဖြာကို
စဉ်လာမပျက် အညွန့်တက်၍
ခက်လက်ဝေအောင် ဒို့စွမ်းဆောင်လျက်
လက်ချင်းယှက်ကာ
ဆက်လက်ထိန်းသိမ်းကြပါစို့။ ။

ငြိမ်းချမ်းအောင်

ဝန်ကြီး ဦးညဏ်ဝင်း တာ့ခ်မင်နစ္စတန် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ကျရောက်သော တာ့ခ်မင်နစ္စတန် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာရာရှစ်(ဒ်) မေရာဒေါ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၀-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၅** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၅** ၄။ ကျန်းမာသုတ
- **၁၂:၃၀** ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း "တွေ့ပြီ" သရုပ်ဆောင်-လူမင်း၊ အိန္ဒြာကျော်ဇင်၊ ဒါရိုက်တာ-ကျော်ဇောဟိန်း(အတွေးပုံရိပ်)**
- **၁:၅၀** ၆။ အမျိုးသားရေးတေးကဗျာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- **၄:၂၀** ၄။ မြန်မာသံစဉ်ချိုနှားဝင်
- **၄:၃၅** ၅။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၅:၀၀** ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၆:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၉။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၆:၄၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကိုယ့်အချစ်ဆုံး (အပိုင်း-၂၁)(ဇာတ်သိမ်း)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ လူရွှင်တော်ရွှေဖလား
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နီလာလက်ကောက် အပိုင်း (၃)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

❀ ရှေ့ဖုံးမှ

တာဝတိံသာနတ်ပြည် သုဒဿမြို့၏ တောင်တံခါးမှ လူ့ပြည်လူ့ရပ် သင်္ကဿနဂိုရ်ပြည် တောင်တံခါး အထိ စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းကြပြီး ဘုရားရှင်သည် အလယ်ပတ္တမြားစောင်းတန်းမှ ဆင်းကြွတော်မူကာ ဗြဟ္မာတို့က လက်ယာဘက် ရွှေစောင်းတန်း၊ သိကြားနတ်တို့က လက်ဝဲဘက် ငွေစောင်းတန်းတို့မှ မြတ်စွာဘုရားအား ခြံရံကာ ပို့ဆောင်ကြသည်။ လူ့ပြည်လူ့ရွာမှ ရဟန်းရှင်လူ ပရိသတ်အပေါင်းတို့က လည်း ဆီမီးများထွန်းညှိပူဇော်၍ ဘုရားရှင်အား ကြိုဆိုဖူးမြော်ကြည်ညိုကြသည်။

ယင်းသို့ ကြိုဆိုဖူးမြော်ကြည်ညိုသည်ကို နမူနာယူ၍ မြန်မာနိုင်ငံရှိ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့က သီတင်းကျွတ်လပြည့်နေ့တွင် မီးထွန်းပွဲတော်ကို ဘုရားရှင်အား ပူဇော်သောအားဖြင့် ရှေးထုံးစဉ်လာမပျက် ကျင်းပခဲ့ကြသည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

ထို့အပြင် အဘိဓမ္မာတရားတော် ဟောကြားခြင်းပြီးဆုံးသည့် နေ့လည်းဖြစ်သဖြင့် သီတင်းကျွတ် လပြည့်နေ့တွင် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် အခမ်းအနားများကိုလည်း စဉ်လာမပျက် ကျင်းပလျက်ရှိကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဆွမ်းတော်ကြီးဆက်ကပ်ပွဲနှင့် ရေစက်ချပွဲ အခမ်းအနားကို ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များ တန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ နံနက်အရုဏ်တက်တွင် စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းများနှင့် ဝန်ထမ်းများက စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးများဖြင့် ဆက်ကပ်ပူဇော်ကြသည်။

နံနက် ၉ နာရီခွဲတွင် ဝါတွင်းကာလ သီလခံယူပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ ရေစက်ချ အနုမောဒနာ အခမ်းအနားကို ယင်းတန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဂေါပကအဖွဲ့ဝင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာအောင်မြေဘုံစံကျောင်းဆရာတော်ထံမှ ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်ပွဲတော် ဆီမီး ၅၀၀၀ နှင့် သစ်သီး ဆွမ်းကပ်လှူပူဇော်ပွဲကို ယမန်နေ့ နံနက် အရုဏ်တက်တွင် ကျင်းပရာ ရှေးဦးစွာ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးများဖြင့် ကပ်လှူပူဇော်ခြင်း၊ ရင်ပြင်တော်ပတ်လည်တွင် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် ပူဇော်ကြသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ဆူးလေစေတီတော် ဝန်ထမ်းဝတ်ရွတ်အဖွဲ့က အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၌ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မွန်ပရိယတ္တိစာသင်တိုက် ပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတ အစိုးရဓမ္မာစရိယ ဒုတိယအကျော် ဘဒ္ဒန္တ ကေသရက လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ဦးစီးပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)ကလည်းကောင်း၊ ညနေပိုင်းတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသကလည်းကောင်း စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူသည်။

ထို့အပြင် စေတီတော်ကြီးသို့ လာရောက် ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဂေါပကအဖွဲ့က ကြီးမှူး၍ အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ဝတ်အသင်းအဖွဲ့ဝင်များက အဘိဓမ္မာအခါတော်နေ့အကြောင်း လျှောက်တင်သံကို ရွတ်ဆိုပူဇော်ခြင်း၊ မြော်ချင့်ပဋ္ဌာန်းကန်တော့လွှာကို ရွတ်ဆိုပူဇော်ခြင်း၊ အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာမင်္ဂလာထောမနာစကားကို သဘာပတိ ဦးမြသိန်းက ပြောကြားခြင်း၊ အဘိဓမ္မာအမွှမ်းနှင့် အဘိဓမ္မာပါဠိတော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ကျင်းပပြီး မေတ္တာပို့ အမျှဝေကြသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ ဒသမအကြိမ် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မရမ်းကုန်းမြို့နယ် သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ ကန်ဦးဇေတဝန်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသာမိဘိဝံသထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား ဂေါပကအဖွဲ့ဥက္ကဋ္ဌက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ အကြိမ်(၃၀)မြောက် ပဝါရဏာပွဲကို စေတီတော်ဓမ္မာရုံသစ်ကြီး၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပညာလင်္ကာရကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဗြဟ္မသီရိ အမှူးပြုသော စေတီတော်ဝင်းအတွင်းရှိ ကျောင်းတိုက် ခြောက်တိုက်တို့မှ ရဟန်းသာမဏေများ ကြွရောက်တော်မူကြပြီး ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးလာ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် ဘဒ္ဒန္တ ဗြဟ္မသီရိထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဒုတိယအကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များက အဘိဓမ္မာအခါတော်နေ့ အကြောင်း ဓမ္မပူဇာမင်္ဂလာ ထောမနာစကားဖြင့် ပူဇော်ခြင်း၊ အဘိဓမ္မာအခါတော်နေ့ ရတုပိုဒ်ဖြင့် ပူဇော်ခြင်း၊ ဘုရားအမှူးပြုသော နတ်ဗြဟ္မာများအား ပင့်ဖိတ်ခြင်း၊ အဘိဓမ္မာခုနစ်ကျမ်း အမေးအဖြေ ဂါထာတို့ဖြင့် ပူဇော်ခြင်းများကို ကျင်းပသည်။

ယင်းနောက် ပရိသတ်တို့က မေတ္တာပို့ အမျှဝေကြပြီး စေတီတော် ဘာသာရေးအဖွဲ့များအား ဂေါပကအဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ကြသည်။

အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့က ကြီးမှူး၍ အလှူရှင်များက ယနေ့နံနက် အရုဏ်တက်တွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီးများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကိုးထပ်ကြီးဘုရား နဝဂုဏ ဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များက ဓမ္မပူဇာအစီအစဉ်များကိုကျင်းပ၍ သက်သတ်လွတ် စတုဒိသာ အာဟာရဒါနအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။ အောက်တိုဘာ ၂၈ရက်တွင် ဗားကရာတိုက်မှ သံဃာတော် အပါး ၉၀ တို့အား (၁၆)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပမည်ဖြစ်သည်။

မဟာဝိဇယစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဆုတောင်းပြည့် မယ်လမုစေတီတော်မြတ်ကြီး၊ ကျိုက္ကဆံစေတီတော် အစရှိသည့် ရန်ကုန်တိုင်းအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်းတော်ကြီးတင် ကပ်လှူပွဲများ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများ၊ ပဝါရဏာပွဲများ၊ သီလပေး တရားချီးမြှင့်ပွဲများ၊ နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်ပွဲများ၊ ဆီမီးထွန်းညှိ ပူဇော်ပွဲများ၊ အလှူဒါနပြုသူများ၊ တရားဘာဝနာအားထုတ်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလှသည်။

သီတင်းကျွတ် လပြည့်နေ့တွင် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် တာဝတိံသာမှ ဆင်းသက်ကြွမြန်းလာသော ဘုရားရှင်အား ရည်မှန်း၍ မိမိတို့၏ အိမ်ဂေဟာအသီးသီးတို့၌ လည်းကောင်း၊ ဘုရားကျောင်းကန်များ၌ လည်းကောင်း မီးရောင်စုံများ ထွန်းညှိပူဇော်ကြသကဲ့သို့ တာဝတိံသာနတ်ပြည်ရှိ မြတ်စွာဘုရားလောင်းလျာ သိဒ္ဓတ္ထမင်းသား၏ ဆံတော်ဖြင့် တည်ထားကိုးကွယ်သော စူဠာမဏိစေတီတော်အား ရည်မှန်း၍ မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော်

သီတင်းကျွတ်လပြည့်နေ့က ရွှေတိဂုံစေတီတော်တွင် ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်၌ ဆွမ်းတော်ကြီးဆက်ကပ်ပွဲနှင့် ရေစက်ချပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အောက်တိုဘာ ၂၆ ရက် သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်ဓမ္မာရုံကြီးအတွင်း၌ ဆရာတော် ဦးဥတ္တမသာရ၏(အဝိဇ္ဇာမှ ဝိဇ္ဇာသို့) တရားပွဲ ကျင်းပစဉ်။ (ကြေးမုံ)

ပုဇွန်တောင်မြို့နယ် သံဃာ့ဒါနဆွမ်းလောင်းအသင်း ဆွမ်းသိမ်းအောင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် သံဃာ့ဒါနဆွမ်းလောင်းအသင်းက အကြိမ်(၆၀)မြောက် ဝါတွင်းသုံးလကာလအတွင်း သံဃာတော်များအား ကြာသပတေးနေ့တိုင်း နံနက်အရုဏ်ဆွမ်းများ လောင်းလှူလျက်ရှိရာ နိုဝင်ဘာ ၄ ရက်တွင် ညောင်တန်းလမ်းရှိ သံဃာ့ဒါနဆွမ်းလောင်းအသင်းဓမ္မာရုံ၌ ဆွမ်းသိမ်းအောင်ပွဲ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ယခုနှစ်မှစ၍ ဝါပကာလ လပြည့်၊ လကွယ်နေ့များတွင်လည်း ရပ်မိရပ်ဖများ၊ စေတနာရှင်များက အရုဏ်ဆွမ်းများ ဆက်လက်လောင်းလှူကုသိုလ်ယူသွားမည်ဖြစ်ရာ ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ အဘိဓမ္မာအခါတော်နေ့နှင့် ဝါကျွတ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် အဘိဓမ္မာအခါတော်နေ့ ဝါကျွတ်ဆွမ်းတော်ကြီးတင်ပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ဆရာတော်ကြီးအား ဝါကျွတ်ဂါရဝပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရိပ်သာအတွင်း မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့၍ အဘိဓမ္မာအခါတော်နေ့အခမ်းအနားကို ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ဝင် ရဟန်းရှင်လူ ယောဂီများက အဘိဓမ္မာပါဠိတော်များ၊ အဘိဓမ္မာ ရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြသည်။

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က အဘိဓမ္မာအခါတော်နေ့အကြောင်းတင်ပြပြီး ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်မြတ်က အဘိဓမ္မာတရားတော်များကို ဟောကြားချီးမြှင့်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဆွမ်းအလှူရှင် ဦးသာဋ္ဌေး-ဒေါ်ကြည်ကြည်ခင် မိသားစု အစရှိသော အလှူရှင်များစာရင်းကို အတွင်းရေးမှူး ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားတင်ပြပြီး ဂုဏ်ပြုလွှာ ချီးမြှင့်သည်။

အသက်(၇၀) အထက် သက်ကြီးယောဂီ ၄၀ ကျော်တို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။ ထို့နောက် ဆရာတော်ကြီးက အဘိဓမ္မာအခါတော်နေ့တွင် ပြုလုပ်ကြသော ကုသိုလ်ကောင်းမှုများအတွက် ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်နေ့)က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက် (၂၅)ကြိမ်မြောက် ဝါတွင်းဆွမ်းပတ် ဆွမ်းသိမ်း အောင်ပွဲနှင့် ပြည်သူများစုပေါင်း၍ ငွေကျပ် ၃၉ သိန်း ကုန်ကျသည့် သာသနဟိတဓမ္မာရုံရှေ့ အဆောင်သစ် ဆောက်လုပ်ပြီးစီးလှူဒါန်းသည့် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ယင်းဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သိမ်ကုန်းဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုန္ဒကထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးဝဏ္ဏထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (၃၂)

ဆွမ်းတော်ကြီးတင်ကပ်လှူပွဲများ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများ၊ တရားချီးမြှင့်ပွဲများ စည်ကားစွာကျင်းပ

အောက်တိုဘာ ၂၆ ရက် သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ဘုရားဖူးပရိသတ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

အောက်တိုဘာ ၂၆ရက် သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်ကြီး၌ ဘုရားဖူးပရိသတ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

...့က
...ရား
...ဘား
...စဉ်။
...းမုံ)

...အဘိ
...ရတိဂုံ
...ကြီး
...ချပွဲ
...းစဉ်)

...ရက် သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင်
...င်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်
...တော် ဦးဥတ္တမသာရ၏(အဝိဇ္ဇာမှ ဝိဇ္ဇာသို့)
(ကြေးမုံ)

...ားလု
...နေ့တွင်
...းသည်
...ကွဲမြန်း
...မှန်း၍
...ီးတို့၌
...င်းကန်
...ရာင်စုံ

များ ထွန်းညှိပူဇော်ကြသကဲ့သို့ တာဝတိံသာနတ်ပြည်ရှိ မြတ်စွာဘုရားလောင်းလျာ သိဒ္ဓတ္ထမင်းသား၏ ဆံတော်ဖြင့် တည်ထားကိုးကွယ်သော စူဠာမဏိစေတီတော်အား ရည်မှန်း၍ မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

(သတင်းစဉ်)

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့)က ဓမ္မပူဇာ မင်္ဂလာအခမ်းအနားကျင်းပစဉ်။

(သတင်းစဉ်)

ဆီမီးပူဇော်

သီတင်းကျွတ် လပြည့်နေ့က ရွှေတိဂုံစေတီတော်၌ အမျိုးသမီးများ ဆီမီးထွန်းညှိ ပူဇော်ကုသိုလ်ယူနေကြစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၀-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် (အင်္ဂုလိမာလသုတ်)**

၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ တေးဂီတအစီအစဉ်

၈:၂၀ ၈။ အရာတော်ရေလှောင်တမံ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ ဝါကျွတ်တေးများ

၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၁၅ ၅။ **"စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး" (ဖြိုးငွေစိုး၊မိုးဒီ၊ စောနိုင်-ရှမ်းပြည်၊သဇင်၊ နှင်းဆီ၊ခင်မို့မို့အေး) (ဒါရိုက်တာ တင်အောင်ရွှေ-သုတေသီ)**

၁၂:၄၅ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ဈေးနှုန်းမှာချိုအလုပို ထွက်ကုန် မုဒုံချည်မျိုးစုံ)

၁၂:၅၅ ၇။ တံတားအလုပန်းလောင်

၁:၁၀ ၈။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာ အားကစားသမားများ၏ ကြိုတင်ပြင်ဆင်မှုများ (လက်ဝှေ့)

၁:၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၁:၃၅ ၁၀။ တေးဂီတအစီအစဉ်

၁:၅၀ ၁၁။ အတီးပြိုင်ပွဲ

၂:၁၀ ၁၂။ ဆင်းရွှေလီစပါး(အပိုင်း-၂)

၂:၂၀ ၁၃။ အဆိုပြိုင်ပွဲ

၂:၃၀ ၁၄။ ကွန်ချောင်းရေလှောင်တမံ

၂:၄၅ ၁၅။ International News.

၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ပထဝီဝင် အထူးပြု) (ပထဝီဝင်)

၄:၄၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၄:၅၅ ၅။ အတီးပြိုင်ပွဲ

၅:၀၅ ၆။ တေးဂီတအစီအစဉ်

၅:၁၅ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့

၅:၃၀ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်

၇:၀၀ ၁၂။ ကျိုက္ခမီရေလယ်ဘုရား

၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်ဆမ်းမှ"**

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စရာ့ပျိုကညာ" (အပိုင်း-၁၅)**

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲ ပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ပဲခူးတိုင်း ပေါင်းတည်မြို့နယ်၊ လက်ပံတန်းမြို့နယ်၊ စစ်ကိုင်းတိုင်း ကောလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကနီမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ရှမ်းပြည်နယ် မိုင်းပျဉ်းမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၆ ရက်၊ ၁၇ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ပဲခူးတိုင်း ပေါင်းတည်မြို့နယ်ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ပေါင်းတည်မြို့ပေါ် ၁၂ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၀တို့မှ ပြည်သူအင်အား ၃၁၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၆ ရက် နံနက် ၇ နာရီတွင် ပေါင်းတည်မြို့နယ် ပြည်သူ့အားကစားကွင်းမှ ရှမ်းစုလမ်း၊ (၃၇) လမ်း၊ မှတ်တိုင်လမ်း၊ ဘုရားကြီးလမ်း၊ ရန်ကုန်-ပြည်လမ်း၊ အရှေ့လမ်း၊ (၁၃) လမ်း၊ ၎င်းမှတစ်ဆင့် စည်ပင်သာယာရေးပန်းခြံသို့ လှည့်လည်၍ ဒို့တာဝန် အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇) ရပ်အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အမေကျော် ဒွေးဘော်မလွှမ်းပါနှင့်၊ သူ့ကျွန်မခံပါ၊ ရှေ့လုပ်ငန်းစဉ် (၇) ရပ်အောင်ရမည်၊ ဗိုလ်ကျစိုးမိုးရေးဝါဒ ကျဆုံးပါစေ၊ တည်ငြိမ်မှုကို မဖျက်ဆီးပါနှင့်စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ လက်ပံတန်းမြို့မှ ပြည်သူအင်အား ၂၆၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၆ ရက်မွန်းလွဲ ၂နာရီခွဲတွင် လက်ပံတန်းမြို့အတွင်း လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဖက်စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဖောင်းပြင်မြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ထို့အတူ စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ကောလင်းမြို့မှ ပြည်သူအင်အား ၂၀၀၀၀ ခန့်သည် အောက်တိုဘာ ၁၇ ရက် နံနက် ၇နာရီတွင် ကောလင်းမြို့အတွင်းလှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဖောင်းပြင်မြို့ မြို့ပေါ်ရပ်ကွက် နှစ်ရပ်ကွက်နှင့် အနီးဝန်းကျင် ကျေးရွာ ၄၀တို့မှ ပြည်သူအင်အား ၁၃၅၀၀ ကျော်တို့သည် အောက်တိုဘာ ၂၀ ရက်နံနက် ၈နာရီတွင် ဖောင်းပြင်မြို့ အခြေခံပညာအထက်တန်းကျောင်းအနီး ကွင်းပြင်မှ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မင်းရဲကျော်စွာလမ်း၊ နတ်သျှင်နောင်လမ်း၊ ၎င်းမှ ပြည်သူ့အားကစားကွင်းအတွင်းသို့ လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိစသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ကနီမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ကနီမြို့ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာပေါင်း ၁၄၆ ရွာတို့မှ ပြည်သူအင်အား ၁၇၀၀၀ ခန့်တို့သည် အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကနီမြို့ ပြည်သူ့အားကစားကွင်းမှ မြို့ပတ်လမ်း၊ ကမ်းနားလမ်း၊ ဈေးလမ်း၊ နန်းကျောင်းလမ်းတို့သို့ လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိစသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံများကို ကိုင်ဆောင်ကာ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကြိုဆိုသည်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဖက်စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဟုမ္မလင်းမြို့ မြို့ပေါ်ရပ်ကွက်နှစ်ရပ်ကွက်နှင့်ပတ်ဝန်းကျင် ကျေးရွာအုပ်စု ၁၉ အုပ်စုတို့မှ ပြည်သူအင်အား ၂၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် ဟုမ္မလင်းမြို့အတွင်း လှည့်လည်ကာ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိစသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံများကို ကိုင်ဆောင်ပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ အမျိုးသားညီလာခံကို ထောက်ခံသည်စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ရှမ်းပြည်နယ်မိုင်းပျဉ်းမြို့နယ်ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ မိုင်းပျဉ်းမြို့မှ ပြည်သူအင်အား ၁၀၀၀၀ ခန့်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီ တွင် မိုင်းပျဉ်းမြို့အတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ဒို့တာဝန်အရေးသုံးပါး၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကိုလိုလားသည်၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ သူ့ကျွန်မခံပါစသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ရှမ်းပြည်နယ် တာချီလိတ်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ တာချီလိတ်မြို့မှ ပြည်သူအင်အား ၁၉၀၀၀ ခန့်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီတွင် တာချီလိတ်မြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်ရေးကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကြိုဆိုသည်စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဟုမ္မလင်းမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် နန္ဒာရာမစာသင်တိုက် ဦးစီးပဓာန နာယက၊ သာသနဓဇဓမ္မာစရိယ(အစိုးရ)၊ သာသနဓဇဝိနယာဓိကဓမ္မာစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(မဟာဒွါရ) ဆရာတော် ဘဒ္ဒန္တနာဂိဿရက သက်တော်(၇၀)ပြည့် မွေးနေ့တွင် ကြေးပြားငါးချပ် တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ)ထံ လှူဒါန်းစဉ်။ (က-ပ)

ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၃၀၀၀ ကျော်တို့အား ရွှေမုဋ္ဌောဘုရားအရှေ့ ဒေါ်လှယဉ်ဓမ္မာရုံ မြို့မဆွမ်းလောင်းအသင်းမှ အောက်တိုဘာ ၂၁ ရက်တွင် ဦးထွန်းအေး-ဒေါ်ကေသွယ်ဝင်း၊ သမီး မနန္ဒာထွန်း၊ သား မောင်အိုရီယံထွန်း (ရွှေပုသိမ်ကုမ္ပဏီ)မိသားစုက အရဏ်ဆွမ်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘူတာရုံလမ်း ဘောက်ထော်မှ နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း(ဦးစံဝင်း)အား ရည်စူး၍ မွေးနေ့အလှူ ဒေါ်စုစုခင် သား၊ သမီး၊ မြေးတစ်စုက ငွေကျပ် ၁၁၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကြွေးကြော်

သန်လျင်မြို့နယ် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။

(ခရိုင်ပြန်/ဆက်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ ရန်ကုန်တောင်ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့၌ အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပခဲ့သည်။

အောက်တိုဘာ ၂၅ ရက် နံနက် ၇နာရီခွဲတွင် သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက်နေရာယူကြပြီး ပြည်သူအင်အား ၁၁၅၀၀ခန့် တက်ရောက်၍ သဘာပတိအဖြစ် သမဝါယမဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာ သိန်းထွန်းက ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီး တင့်ဆွေ(ငြိမ်း)၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်မြင့်ရီ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်ကြိုင်ကြိုင်အေး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးလှထွန်း၊ ရပ်မိရပ်ဖ ဦးခင်လှိုင်နှင့် ဦးမြင့်သိန်းတို့က ဆောင်ရွက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးရန်နိုင်ရွှေက အဆိုတင်သွင်းပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ဝင်းဝင်းအေးခိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်စိုးစိုးစံ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း)၊ ရပ်မိရပ်ဖ ဦးမြင့်ဝင်းတို့က ထောက်ခံဆွေးနွေးကြကာ တက်ရောက်လာသူများ၏ ထောက်ခံသဘောတူညီချက်အရ ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အောက်တိုဘာ ၂၅ ရက် နံနက် ၇နာရီခွဲတွင် ကျောက်တန်းမြို့ စံချိန်မီအားကစားကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက်နေရာယူကြပြီး ပြည်သူအင်အား ၁၀၀၀၀ ကျော် တက်ရောက်၍ သဘာပတိအဖြစ် မြို့နယ်ရပ်မိရပ်ဖ လျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း) ဦးထွန်းလှရွှေက ဆောင်ရွက်ကာ သဘာပတိ အဖွဲ့ဝင်များအဖြစ် စစ်မှုထမ်းဟောင်း အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်မြင့်အုန်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်ထားထားလှိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးလှဝင်း၊ စီးပွားရေးလုပ်ငန်းရှင် ဦးတင်ဌေးနှင့် ရပ်မိရပ်ဖ ဦးမြင့်အောင်တို့က ဆောင်ရွက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးမောင်မောင်တာက အဆိုတင်သွင်းပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ချိုချိုအေး၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်ကြည်ကြည်ထူးစံ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးဝင်းခိုင်နှင့် ရပ်မိရပ်ဖ ဦးမင်းဇော်တို့က ထောက်ခံဆွေးနွေးကြကာ တက်ရောက်လာသူများ၏ ထောက်ခံသဘောတူညီချက်အရ ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အောက်တိုဘာ ၂၅ ရက် နံနက် ၇နာရီခွဲတွင် သုံးခွမြို့နယ် ဘုရင့်နောင်အားကစားကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက်နေရာယူကြပြီး ပြည်သူအင်အား ၁၁၀၀၀ ကျော် တက်ရောက်၍ သဘာပတိအဖြစ် ရပ်မိရပ်ဖ ဦးသောင်းရွှေက ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးထင်ကျော်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်မြသန်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်စိုးစိုးလှ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးမြသိန်း၊ စီးပွားရေးလုပ်ငန်းရှင် ဦးစံမြနှင့် မြို့နယ်လက်ထောက်ပညာရေးမှူး (ငြိမ်း) ဦးဝင်းမောင်တို့ကဆောင်ရွက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးအေးခိုင်က အဆိုတင်သွင်းပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သန်းယုဆွေ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်နွယ်နီလှိုင်၊မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးမိုးသက်၊ ရပ်မိရပ်ဖ ကျော်သိန်း တို့က ထောက်ခံဆွေးနွေးကြကာ တက်ရောက်လာသူများ၏ ထောက်ခံ သဘောတူညီချက်အရ ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အောက်တိုဘာ ၂၅ ရက် နံနက် ၇နာရီခွဲတွင် ခရမ်းမြို့နယ် ပြည်သူ့အားကစားကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက်နေရာယူကြပြီး ပြည်သူအင်အား ၁၀၀၀၀ ကျော် တက်ရောက်၍ သဘာပတိအဖြစ် စီးပွားရေးလုပ်ငန်းရှင် ဦးအေးကိုက ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးသန့်ဇင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့မှ ဒေါ်တင်ဌေး၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်လှလှမော်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးမြင့်လှိုင်နှင့် ရပ်မိရပ်ဖ ဒေါက်တာ မြင့်စိုးနှင့် ဦးအောင်စိုးတို့က ဆောင်ရွက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဝင်းဆွေက အဆိုတင်သွင်းပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်အေးမော်၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်ရီရီလွင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးမင်းအောင်၊ ရပ်မိရပ်ဖ ဦးမြင့်သိန်းတို့က ထောက်ခံဆွေးနွေးကြကာ တက်ရောက်လာသူများ၏ ထောက်ခံ သဘောတူညီချက်အရ ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အောက်တိုဘာ ၂၅ ရက် နံနက် ၇နာရီခွဲ တွင် ဆိပ်ကြီးခနောင်တိုမြို့နယ် မြို့ဦး စေတီရှေ့သဲကွင်းသို့ စစ်ကြောင်းနှစ်ကြောင်းဖြင့် ချီတက်နေရာယူကြပြီး ပြည်သူအင်အား ၅၅၀၀ ကျော် တက်ရောက်၍ သဘာပတိအဖြစ် ရပ်မိရပ်ဖ ဦးတင်ဝင်းက ဆောင်ရွက်ကာ သဘာပတိ အဖွဲ့ဝင်များအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးစိန်ဝမ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်အေးရီ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ဥမ္မာအေး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးယဉ်ထွေး၊ ရပ်မိရပ်ဖ ဦးအုန်းမောင်နှင့် ဦးယဉ်ရွှေတို့က ဆောင်ရွက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးမျိုးဇေယျာဝင်းက အဆိုတင်သွင်းပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခိုင်ငြိမ်းအေး၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်ဝင်းဝင်းမာ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးထွန်းလှိုင်နှင့် ရပ်မိရပ်ဖ ဦးသန်းနိုင်တို့က ထောက်ခံဆွေးနွေးကြကာ တက်ရောက်လာသူများ၏ထောက်ခံသဘောတူညီချက်အရ ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို လက်ဝှေ့ပြိုင်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၂၆

ထိုင်းနိုင်ငံ နောင်ခွန်ရတ်ချာစမာမြို့တွင် နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာလက်ဝှေ့အဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာလက်ဝှေ့အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ်ဦးဝင်းမြင့်(ဥက္ကဋ္ဌ၊ လက်ဝှေ့အဖွဲ့ချုပ်)၊ အုပ်ချုပ်သူနည်းပြအဖြစ် ဦးစန်းမြင့်၊ အမျိုးသမီးအုပ်ချုပ်သူအဖြစ် ဒေါ်မြတ်သက်မွန်၊ နည်းပြဆရာများအဖြစ် ဦးစိုးစိုးနှင့် ဦးမြင့်ထွန်း၊ ဒိုင်လူကြီးများအဖြစ် ဦးကျော်စိုးနှင့် ဦးကျော်မင်း၊ ကစားသမားများအဖြစ် အမျိုးသား- ဝေဖြိုးထွန်း၊ မိုးမင်း၊ စိုင်းစိုးမြတ်၊ သန်းထိုက်၊ စိုးရာဇာ၊ အမျိုးသမီး- ချောစုအေး၊ နှင်းအိဆွေ၊ နှင်းမို့မို့နိုင်နှင့် သန်းသန်းလှိုင် စုစုပေါင်း ၁၆ဦး ပါဝင်ကြသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပြိုင်ပွဲမှာ ပထမဦးဆုံးအကြိမ်ကျင်းပသော ပြိုင်ပွဲဖြစ်ပြီး အိမ်ရှင်ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယား စုစုပေါင်း ခြောက်နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ ခြောက်တန်း၊ အမျိုးသမီးပြိုင်ပွဲ ခုနစ်တန်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာ လက်ဝှေ့အဖွဲ့က အမျိုးသားငါးတန်း၊ အမျိုးသမီးလေးတန်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် ကစားသမား ကိုးဦးတွင် အရှေ့တောင်အာရှ ပြိုင်ပွဲဝင်မည့် ကစားသမားများထဲမှ ခုနစ်ဦးပါဝင်ပြီး အမာခံအချို့မပါဝင်ကြောင်း သိရသည်။

(ကြေးမုံ)

ထိုင်းနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို လက်ဝှေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ဝှေ့လက်ရွေးစင်များအား တွေ့ရစဉ်။

(ကြေးမုံ)

တရုတ်-အာဆီယံကုန်စည်ပြပွဲ တက်ရောက်ရန် စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ နန်နင်းမြို့သို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi ပြည်နယ် နန်နင်းမြို့၌ အောက်တိုဘာ ၂၈ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် The 4th China-ASEAN Business and Investment Summitနှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးပေါဟိန်းနှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ပွင့်ဆန်းတို့ဦးဆောင်သည့် အဖွဲ့ဝင် ၁၈ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နန်နင်းမြို့သို့ ထွက်ခွာသွားကြကြောင်းသိရှိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/ ၂၀၀၇)ကျင်းပ

သဘာပတိ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၀၇)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၇)ကို ယမန်နေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မတီကို ၂၀၀၀ ပြည့်နှစ် ဧပြီ ၂၆ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းကော်မတီအောက်၌ ပြည်ထဲရေးဆိုင်ရာ ဆပ်ကော်မတီ၊ ဥပဒေရေးဆိုင်ရာ ဆပ်ကော်မတီ၊ လူမှုရေးဆိုင်ရာ ဆပ်ကော်မတီ၊ အလုပ်သမားရေးဆိုင်ရာ ဆပ်ကော်မတီ၊ ကျန်းမာရေးဆိုင်ရာ ဆပ်ကော်မတီ၊ ပညာရေးဆိုင်ရာ ဆပ်ကော်မတီ၊ နိုင်ငံတကာဆိုင်ရာ ဆပ်ကော်မတီ၊ သာသနာရေးဆိုင်ရာ ဆပ်ကော်မတီနှင့် အမျိုးသမီးရေးဆိုင်ရာ ဆပ်ကော်မတီဟူ၍ ဆပ်ကော်မတီကိုးခုတို့ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို အလေးထား လိုက်နာလျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်သော လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်များဖြစ်သည့် ဂျီနီဗာကွန်ဗင်းရှင်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ အမျိုးသမီးများ ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ အဓမ္မ လုပ်အားစေခိုင်းမှုဆိုင်ရာ ကွန်ဗင်းရှင်း၊ အမှတ်(၂၉) ကျေးကျွန်ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကိုလည်း အလေးထား လိုက်နာသော နိုင်ငံဖြစ်ကြောင်း။

သို့သော်လည်း ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့သည် ယင်းတို့၏ ခေတ်သစ်ကိုလိုနီဝါဒကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံငယ်များအပေါ်တွင် လူ့အခွင့်အရေးချိုးဖောက်မှု ခေါင်းစဉ်တပ်၍ တစ်ဖက်သတ် စွပ်စွဲထိုးနှက်မှုပြုနေပါကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် မိမိတာဝန်ယူသည့် လုပ်ငန်းကဏ္ဍအလိုက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြည်သူလူထုသာမက နိုင်ငံတကာမှ သိရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မတီဝင်များ တက်ရောက်ကြ၍ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စတုဒိသာအတွက် လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၆

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ အလှူရှင်များက ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ် စိန္တာမုနိစေတီတော်အား စိန်ဖူးတော်တင်လှူပွဲ၊ ဝါကြိုစေတီတော်၊ မြို့တွင်းရွှေဂူစေတီတော်နှင့် သိမ်တော်စေတီတော်များအား ရွှေထီးတော်သစ်များတင်လှူပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ သံဃာတော် ၃၅၁ ပါး၊ သီလရှင် ၁၃ပါးနှင့် အနယ်နယ်အရပ်ရပ်မှ ညှော့ပရိသတ်တို့အား ဧရာဝတီမြစ်ကမ်းဘေး သဲသောင်ပေါ် စိန္တာမုနိစေတီတော် ခြေရင်း၌ ဒေသရိုးရာ တစ်ပင်တိုင်မုန့်ဟင်းခါးပိသာ ၁၀၈၀ ကို စတုဒိသာကျွေးမွေးမည်ဖြစ်ရာ မုန့်ဟင်းခါးတစ်ပိသာ ကျပ် ၁၅၃၀ ဖြင့် လှူဒါန်းလိုသူများသည် ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့်(စိုင်းဘုန်းထူး ဓာတ်ပုံ၊ ဗီဒီယို)၊ အမှတ်-၁၀၀၊ ၄၈ လမ်း၊ (အလယ်ဘလောက်) ဖုန်း-၂၉၂၆၄၄၊ ၂၉၂၉၅၃၊ ဒေါ်ဇင်မာညို ဖူဂျီဓာတ်ပုံတိုက် ၁၆၅-၁၆၇၊ အနော်ရထာလမ်းနှင့် ၃၄ လမ်းထောင့် ဖုန်း-၇၀၀၀၃၆၊ ဒေါ်မငယ် ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်) စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ် ဖုန်း-၆၄၂၈၅၈၊ ၆၄၀၄၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် အောက်တိုဘာ ၂၂ရက်က ဦးကီး-ဒေါ်ကျင်ပွန်အား ဦးထိပ်ထား၍ အလှူရှင် မော်လမြိုင်မြို့ အင်ဂျင်နီယာလမ်းနေ ဦးကျော်သိန်း-ဒေါ်စိုးစိုးရီ၊ သား ရဲပြည့်ဖြိုး၊ စိုးပြည့်ဖြိုး မိသားစုက ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် ဝေဇယန္တာဓမ္မာရုံ သီတင်းကျွတ်လပြည့်နေ့နှင့် ထာဝရ ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို အောက်တိုဘာ ၂၆ရက်က ကျင်းပရာ ငွေကြာရုံရိပ်သာ နှင်းဆီလမ်းနေ ဒေါက်တာဦးစိုးသန်း-ဗိုလ်မှူး ဒေါ်ခင်ခင်(ငြိမ်း) သားသမီး မြေးမြစ်တို့က ငွေကျပ် ၁၀ သိန်းကို ဓမ္မာရုံဥက္ကဋ္ဌ ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (၆၃)

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

ပလတ်စတစ်ပုံနှိပ်ဆေးနံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီလမ်း မြေညီထပ်တွင် ပလတ်စတစ်ပုံနှိပ်လုပ်ငန်းတစ်ခု လုပ်ကိုင်လျက်ရှိရာ လုပ်ငန်းသုံး တင်ဒါအနံ့များ၊ ကော်နံ့များနှင့် ဆေးနံ့များကို နေ့စဉ်ရှူရှိုက်နေရသောကြောင့် ပတ်ဝန်းကျင်၌ နေထိုင်သူများ ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အနံ့ဆိုးများ ရှူရှိုက်နေရမှုမှ ကင်းဝေးစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **နှင်းဆီလမ်းသားများ**

စည်းကမ်းမဲ့ အညစ်အကြေးစွန့်မှု တားဆီးပေးစေလို

စာတည်းခင်ဗျား-

မြင်းမူမြို့ အမှတ်(၃)နယ်မြေအတွင်းရှိ ဧရာဝတီမြစ်ကမ်းပါး၌ ကျူးကျော်တဲများ၊ လူနေဆိုင်ခန်းများ ဆောက်လုပ်နေထိုင်သူများသည် မြို့ရေပေးဝေရေးစက်ရုံရှေ့ တံတားအောက်နှင့် ရေကာတာပေါ်ရှိ ချုံပုတ်များအတွင်း အညစ်အကြေးစွန့်နေကြပါသဖြင့် အနီးဝန်းကျင်ရှိ နေအိမ်များ၊ အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်းတို့တွင် အနံ့ဆိုးများ ပျံ့နှံ့နံစော်နေပါသည်။ သို့ဖြစ်ပါ၍ စည်းကမ်းမဲ့ အညစ်အကြေး စွန့်နေမှုအား တားဆီး အရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **မြင်းမူသား**

သစ်လုံးသစ်ဆွဲလှည်းများ ရှင်းလင်းစေချင်

စာတည်းခင်ဗျား-

မကွေးတိုင်း ရေစကြိုမြို့နယ် အမှတ်(၁)နယ်မြေ ထင်းတန်းရပ် ကမ်းနားလမ်းထိပ်၌ သစ်ခွဲစက်တစ်ခုရှိပြီး သစ်လုံးများ သစ်ဆွဲလှည်းများ ပိတ်ဆို့နေမှုကြောင့် ကမ်းနားလမ်းထိပ် ပတ်ဝန်းကျင်တွင် နေထိုင်သူများ၊ လမ်းသွားလမ်းလာများ အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ သစ်လုံး၊ သစ်ဆွဲလှည်းများအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသွားလမ်းလာများ

အနိုပ်ခန်းများဖယ်ရှားပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် ဗဟိုလမ်း(ခ) ဓေယျဝတီလမ်းတွင် အနှိပ်ခန်းများဖွင့်လှစ်ထားရာ အော်ဟစ်ပြောဆိုမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အနှိပ်ခန်းများအား ဖယ်ရှားပေးပါရန် တင်ပြပါသည်။

အမြင်မတော်သူ

ဆူညံမှု ရှင်းလင်းပြီးစီး

၁၀-၃-၂၀၀၇ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် စီ-ဘလောက် ၅-လမ်းမှ မူးယစ်သောက်စား **ဆူညံမှုတားဆီးပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ဆေးမှုတ်လုပ်ငန်းဖယ်ရှားပြီးစီး

၅-၅-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရန်ကင်းမြို့နယ် (၆)ရပ်ကွက် ရန်ကင်းမြို့မဈေးအနီးမှ တရားမဝင် မီးသွယ်လုပ်ကိုင်နေသည့် **ဆေးမှုတ်လုပ်ငန်းဖယ်ရှားပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပြီးစီး

၂၆-၅-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းမှ **ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

သစ်ပင်သစ်ကိုင်းများ ရှင်းလင်းစေလို

စာတည်းရှင့်-

ရန်ကုန်မြို့၊ ကုန်သည်လမ်းမ၊ (၅၁)လမ်းနှင့် သိမ်ဖြူလမ်းအတွင်းရှိ သစ်ပင်ကြီးများ၏ အကိုင်းအခက်များမှာ လျှပ်စစ်မီးကြိုးများနှင့်ထိနေပါသည်။ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်သောအခါ မီးပွင့်ထွက်ခြင်းများဖြစ်နေပါသဖြင့် အန္တရာယ်ရှိပါသည်။ သို့ဖြစ်ပါ၍ လျှပ်စစ်မီးကြိုးများ၊ မီးတိုင်များနှင့်ထိနေသော သစ်ပင်သစ်ကိုင်းများအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းစေလိုသူ

အနံ့ဆိုးများဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် စိန်ပန်းမြိုင်လမ်းတွင် ကျူးကျော်ဆောက်လုပ် နေထိုင်သော အိမ်တစ်အိမ်သည် ရာသီကုန်ပစ္စည်းများရောင်းချလျက်ရှိပြီး သစ်သီးပုပ်များအား လမ်းမပေါ်သို့ စွန့်ပစ်ထားသဖြင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ နေ့စဉ် အပုပ်နံ့များ ရှူရှိုက်နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ သစ်သီးဆိုင်အား လိုအပ်သလိုစိစစ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ဝက်ပါကျောင်း စာသင်တိုက် (၂၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

မော်လမြိုင်မြို့ ဝက်ပါကျောင်းစာသင်တိုက် သာသနာပြန့်ပွားရေး အသင်းကြီးက ကြီးမှူး၍ (၂၇)ကြိမ်မြောက် စုပေါင်းဘုံကထိန် အလှူတော်အခမ်းအနားကို သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ (အောက်တိုဘာ ၂၈ရက်) နံနက် ၆နာရီခွဲတွင် ကျိုက်သလ္လံဘုရား အနောက်စောင်းတန်း၏ ဝက်ပါကျောင်းစာသင်တိုက်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို မော်လမြိုင်မြို့ စံပြအေးရပ် ဘာဘူဝင်းနေ ဒေါ်ဖွားစောကို အမှူးထား၍ ဦးကျော်အေး–ဒေါ်စိန်ကြည်မိသားစုနှင့် အများဒါယကာများ စုပေါင်းကာ ကျောင်းရှိ သံဃာအပါး ၂၀ နှင့် ပင့်သံဃာ ၈ပါးတို့အား ဥတ်ကထိန်လျာသင်္ကန်းကို ဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းလိုသူများ သည် ဝက်ပါကျောင်းစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဖုန်း–၂၅၅၂၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က–ပ)

ကျေးဇူးရှင် ခင်ပွန်း ဒေါက်တာ ရှိန်းအောင်ငိုင် တစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဆင်မလိုက် Highway Complex နေ ဇနီး ဒေါ်ရီရီမြင့် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး လျှပ်စစ်မီးစက်အတွက် အလှူငွေ ကျပ်ငါးသိန်းကို ပိဋကနှစ်ပုံအောင် ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက် အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ကိရိယာပစ္စည်းများကို ဝယ်ယူလိုပါသည်–

၁။	Computer Pentium 4	၁၈–လုံး
၂။	Laser Printer A4	၃–လုံး
၃။	Laser Printer A3	၁–လုံး
၄။	Dot Printer	၂–လုံး
၅။	Copier	၁–လုံး
၆။	Forklift(2 Tons)	၁–လုံး
၇။	မီးစက် 150 KVA	၁–လုံး

၂။ တင်ဒါပေးသွင်းမှုကို (၉–၁၁–၂၀၀၇)ရက် (၁၆း၃၀)တွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်–

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း–၅၃၇၆၈၅

မူးယစ်ဆေးဝါး ဒို့မလိုလား

အမည်ပြောင်းခြင်း

အထက ပုတီးကုန်း ဆဌမတန်း (B) မှ မောင်ပိုင်ညိမ်းဦး (ဘ) ဦးတင်မင်းထွန်းအား မောင်ဖွဲ့ဝင့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖွဲ့ဝင့်

သံဃတက္ကသိုလ်ဘုန်းတော်ကြီးသင် ပညာရေးဆရာဖြစ်သင်တန်းကျောင်း အလှူငွေ ပေးအပ်ပွဲတွင် သံဃတက္ကသိုလ် ရေကူးဘူတာရုံလမ်း အမှတ်(၈) ရပ်ကွက် မရမ်းကုန်းသို့ (ACE) ပညာရေး ဝန်ဆောင်မှုလုပ်ငန်း ဦးချိုအေး မိသားစု ဥက္ကာ(၅)လမ်း အမှတ်(၈) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်က အလှူငွေကျပ် တစ်သိန်းကို သာသနာ့နုဂ္ဂဟ အဖွဲ့ဥက္ကဋ္ဌ ဦးထင်မျိုးလွင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပန်းဘဲတန်း အမက(၁) နယ်လှည့်စာကြည့်တိုက်ပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးစံလင်းတို့က "ငယ်စဉ်အခါပညာရှာ" ခေါင်းစဉ်ဖြင့်ဟောပြောပြီး စာဖတ်ဝိုင်း ဆက်လက် ကျင်းပသည်။ **(အောက်ပုံ)** (မြို့နယ်ပြန်/ဆက်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့ ၂၆–၁၀–၂၀၀၇ ရက်တွင် **Traders Hotel** ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သီရိသုဓမ္မ မဏိဇောတဓရ ဦးအေးလွင်နှင့် ဇနီး သီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်လေးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ပါမောက္ခဦးခင်မောင်ဝင်း(ပါမောက္ခဌာနမှူး၊ အသည်းရောဂါ အထူးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့် ဇနီး ဒေါက်တာဒေါ်ခင်လေးရီ [တွဲဖက်ပါမောက္ခ၊ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်] တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဟေမာနေဝင်း၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့်အလှပြင်ပေးသော မိတ်ကပ်အောင်အောင်(တောင်ကြီး)၊ မင်္ဂလာပန်းအလှဆင်ပေးသော ကိုကိုကြီးနှင့်ညီများ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော ညီမငယ် ကေဇင်နှင်း၊ မင်္ဂလာပန်းကြဲပေးသော ဇင်ဇင်ဇော်မြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော ဆုရွှန်းလဲ့၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ပုလဲဝင်း၊ သတို့သားအရံများအဖြစ်ဆောင်ရွက်ပေးသော ဗိုလ်ကြီးစည်သူဟိန်းနှင့် ဗိုလ်ကြီးသက်နောင်ထူး၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးသော ချစ်စနိုးဦးနှင့် ဖူးဖူးမောင်တို့အားလည်းကောင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော **The Trees Band** နှင့်အဖွဲ့အားလည်းကောင်း၊ **Traders Hotel** မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိဧည့်ပရိသတ်အပေါင်းတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးညီညီထွန်း–မနွေဝေလွင်ဦး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမြင့်စိုး–ဒေါ်အေးအေး (ရောင်ခြည်ဦးရတနာရွှေဆိုင်) တို့၏သားကြီး
ဗိုလ်ကြီးဇေဖြိုး B.E(Civil),M.E(Civil) နှင့်
ရန်ကုန်မြို့နေ ဦးအုန်းကျော် (အကြီးတန်းလိုင်စင်အင်ဂျင်နီယာ၊ရန်ကုန်မြို့တော်စည်ပင်)–ဒေါက်တာတင်တင်မြ တို့၏သမီးငယ်
ဒေါက်တာတင်နွယ်နွယ်ကျော် M.B;B.S(Ygn.)
တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်တွင် ၂၆–၁၀–၂၀၀၇နေ့က **Dolphin Restaurant** ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဇေဖြိုး–ဒေါက်တာတင်နွယ်နွယ်ကျော်

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အမိပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ကျေးဇူးကို အထူးသိစွာ ဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၆–၁–၂၀၀၈ရက်(စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ပါ၍ ကျေးဇူးရှင်မြတ်ဆရာတို့နှင့် ကျောင်းနေဘက် ငယ်ပေါင်းမိတ်ဆွေများ ကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံ ကုသိုလ်ယူပွဲသို့ ကြွရောက်ပါရန် ကြိုတင်ဖိတ်ကြားနိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (၁) **ဒေါက်တာလွင်လွင်စိုး** ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် ဖုန်း–၅၀၃၉၀၄၊ (၂) **ဦးဝင်းကို** ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဖုန်း–၅၀၃၁၄၇၊ (၃) **ဦးအုန်းမြင့်** ကျောင်းအုပ်ကြီး(ငြိမ်း) ဖုန်း–၉၀–၈၀–၂၄၃၉၄၊ (၄) **ဒေါ်တင်တင်ရွှေ** ဒုတိယညွှန်ကြားရေးမှူး(သင်ရိုး)(DEPT) ဖုန်း–၅၉၇၃၀၉၊ (၅) **ဦးအောင်သွင်** လ/ထညွှန်ကြားရေးမှူး ဦးစီး(၁) ဖုန်း–၅၄၈၉၇၉၊ (၆) **ဦးကျော်ကျော်** ဒုတိယညွှန်ကြားရေးမှူး ဦးစီး(၂) ဖုန်း–၀၂–၆၆၄၀၁၊ (၇) **ဦးသက်နိုင်** လ/ထညွှန်ကြားရေးမှူး ဦးစီး(၃) ဖုန်း–၂၁၂၉၇၄၊ (၈) **ဦးကျော်ဝင်းမြင့်** လ/ထ ညွှန်ကြားရေးမှူး(ပညာ)ဦးစီး(၃) ဖုန်း–၂၁၂၉၆၉ လိုင်းခွဲ(၂၀၃)၊ (၉) **ဦးအေးကြိုင်** ရခိုင်ပြည်နယ်ပညာရေးမှူး ဖုန်း–၀၄၃–၂၃၃၈၄၊ (၁၀) **ဒေါ်ကြူကြူရွှေ** ဦးစီးအရာရှိ ဦးစီး(၃) ဖုန်း–၅၅၅၇၉၄၊ (၁၁) **ဒေါ်ခင်စန်းမြင့်** ကျောင်းအုပ်ကြီး အထက(၂)ဘားမွေ ဖုန်း–၅၄၂၁၁၇၊ (၁၂) **ဦးရှိန်းလိန်အောင်** မြို့နယ်ပညာရေးမှူး သယ်န်းကျွန်း ဖုန်း–၅၆၄၂၁၁၊ (၁၃) **ဒေါ်ခင်သန်းထွေး** အထပြ (ငြိမ်း) ဖုန်း–၂၉၃၃၆၁။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (FRICTION)မှ သဘာဝတည်ငြိမ်လျှပ်စစ် (STATIC ELECTRICITY)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ဓာတ်ဆီထည့်ခြင်းကို သတိပြုရှောင်ကြဉ်ကြပါရန်။ **မီးသတ်ဦးစီးဌာန**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇–၁၀–၂၀၀၇ (စနေနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"အဘိဓမ္မာပဋ္ဌာန်း"တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်)
၈း၀၀–၂း၀၀	တေးဂီတအစီအစဉ်
၈း၀၅–၂း၀၅	ဦးခိုက်ပူဇော် ဝိဇ္ဇာတအလှူတော် (ပုပ္ပားစကားဝါမြေဆရာတော်)
၈း၂၀–၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅–၂း၂၅	ထိမ်းမြားလက်ထပ်ပြီးစီးခြင်း (ဇာဖြူထွန်းဝင်းနှင့် ရွှေထိုက်)
၈း၄၀–၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅–၂း၄၅	မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ အောင်ပွဲဝင်မည့်ကြိုတင်ပြင်ဆင်မှုများ
၉း၀၀–၃း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀–၃း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀–၃း၄၀	မိုးကောင်းညောင်ရမ်းကျောင်းမှတ်တမ်း
၉း၅၅–၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀–၄း၀၀	ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Stell ပစ္စည်းအမျိုးမျိုး)
၁၀း၂၀–၄း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅–၄း၃၅	သမိုင်းဝင်ရှင်ကိုးရှင်
၁၀း၅၀–၄း၅၀	သူနဲ့ပဲနေတော့မယ် ၄က်ပျောကြော်၊ကြူကြူသင်း (ဒါရိုက်တာ–ရွှေဦး MRTV)
၁၀း၅၅–၄း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀–၅း၀၀	ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
၁၁း၁၀–၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅–၅း၁၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၁း၃၀–၅း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀–၅း၄၀	ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်
၁၁း၅၀–၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅–၅း၅၅	သွားမယ် စားမယ် (Nuts! Health Fusion Restaurant)
၁၂း၂၅–၆း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀–၆း၃၀	စိုပြည်စိမ်းလန်းတောင်ကုန်းထက်မှ ခရီးသွားစခန်း
၁၂း၅၅–၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Chelsea-Man City	ESPN(Live)
	Man Utd-Middlesbrough	Star Sports(Live)
၁၀း၄၀	Portsmouth-West Ham	Star Sports(Live)
၁၁း၀၀	Reading-Newcastle	ESPN(SDD)

ကြက်တောင် ဥပဒေနှင့် ဒိုင်လူကြီးသင်တန်းပို့ချမည်

ရန်ကုန် အောက်တိုဘာ ၂၆

(၃၉)ကြိမ်မြောက် ပြည်နယ်/တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် အဌမအကြိမ်မြောက် ဂရိတ်ဝေါ အမျိုးသားတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ ဥပဒေရေးရာနှင့် ဒိုင်လူကြီးသင်တန်းကို နိုဝင်ဘာ ၃ရက်မှ ဒီဇင်ဘာ ၉ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ အမျိုးသားကြက်တောင် အားကစားခန်းမ အနော်ရထာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့တွင် သင်ကြားပို့ချသွားမည်ဖြစ်ရာ ကြက်တောင်ရိုက် ဝါသနာရှင်များနှင့် လက်ရှိကြက်တောင် ဒိုင်လူကြီးအဖွဲ့ဝင်များအားလုံး တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း–၂၂၁၄၉၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ အကြမ်းဖက်ဆူပူမှုကြောင့် –
ပြည်သူလူထုသာ နစ်နာဆုံးရှုံးရသည်။
နေ့စားလုပ်သားများ အလုပ်လက်မဲ့ဖြစ်ရသည်။
ဈေးသည်များ စီးပွားရေးထိခိုက်သည်။
အငှားကားမောင်းသူများ၊ ဆိုက်ကားနင်းသူများ အိတ်ထဲကစိုက်နေရသည်။
စတိုးဆိုင်များ၊ စားသောက်ဆိုင်များ ပိတ်ထားရသည်။

☆ အကြမ်းဖက်ဆူပူမှုကြောင့် –
ကိုလိုနီနယ်ချဲ့ပွဲကြီးများသာ အမြတ်ထွက်ကြသည်။
နယ်ချဲ့လက်ဝေခံမီဒီယာများ၊ ပြည်ပြေးများသာ ဒေါ်လာဆုကြေးတွေ ရနေကြသည်။
စီးပွားဖြစ်သွားသည်မှာ ထိုအဖျက်သမားများသာ ဖြစ်သည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား